၁၉၉၅ ခု အောက်တိုဘာလမှစတင်၍ အပတ်စဉ်ထုတ်ဝေသည်

# Voice of Burma

Published by Voice of Burma Information Group Issue No.805, MARCH 13, 2011

APTO 502, 7-18-1 , Takinogawa , Kita-Ku, Tokyo 114-0023, JAPAN
Tel/Fax: 81 3-3949-3919, E-mail: sayarkway@yahoo.com , koko@gol.com

## မြန်မာလူငယ်တွေ ပညာရေး ဝိုင်းဝန်းပံ့ပိုးဖို့ ဒေါ်အောင်ဆန်းစုကြည်တိုက်တွန်း

**VOA ၊ မတ်လ ၈ ။** ။ ဒီမိုကရေစနစ်ဆိုတာဟာ ပြည်သူလူထုအပေါ် ယုံကြည်မှုထားခြင်းဖြစ်တယ်လို့ ဒေါ်အောင်ဆန်းစုကြည်က ပြောဆိုသွား ပါတယ်။ အမေရိကန် ပြည်ထောင်စုနဲ့ အခြား ကမ္ဘာ့နိုင်ငံအချို့က ကျောင်းသားလူငယ် ၄၀၀ ကျော်ကို အင်တာနက် ဗွီဒီယိုကဆင့် တိုက်ရိုက် အမေးအဖြေလုပ်စဉ်မှာ ဒေါ်အောင်ဆန်းစုကြည်ကဖြေကြားသွားတာပါ။ အမေရိကန်ပြည်ထောင်စုအတွင်းစာသင်ကြားခွင့်ရတဲ့ မြန်မာကျောင်းသားတွေအနေနဲ့လည်းမြန်မာနိုင်ငံထဲက လူငယ်တွေရဲ့ပညာရေးအတွက်ပြန်ပြီးလှည့်ကြည့်ကြဖို့လည်း ဒေါ်အောင်ဆန်းစုကြည်က တိုက်တွန်းသွားပါတယ်။ အကြောင်းစုံကို ကိုသားညွန့်ဦးက တင်ပြပေးထားပါတယ်။

အမေရိကန်ပြည်ထောင်စု ကယ်လီဖိုးနီးယားပြည်နယ် ဘာကလေ တက္ကသိုလ်ကျောင်းသားတွေက ဦးဆောင်ပြီးတော့ လုပ်တဲ့ အဲဒီဆွေးနွေးပွဲကို ဘာကလေတက္ကသိုလ်ကျောင်းဆောင်ထဲမှာပဲ မတ်လ ၇ ရက်နေ့ ညပိုင်းက ပြုလုပ်ခဲ့တာပါ။ တနာရီနီးပါးကြာတဲ့ အဲဒီဆွေးနွေးပွဲအတွင်းမှာကျောင်းသူကျောင်းသားတွေရဲ့မေးမြန်းချက်တွေကိုမြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်က စိတ်ရှည်လက်ရှည်ရှင်းလင်းခဲ့သလို မြန်မာနိုင်ငံဒီမိုကရေစီလှုပ်ရှားမှုကို သိရှိနားလည်အောင် ကြိုးစားပေးကြဖို့လည်း ကျောင်းသားလူငယ်တွေကို တိုက်တွန်းသွားပါတယ်။

"ပထမဆုံးက မြန်မာနိုင်ငံတွင်းက အခြေအနေတွေကို သတိပြုသတိထားစောင့်ကြည့်ကြဖို့ပါ။ ဒုတိယအနေနဲ့တော့ မြန်မာနိုင်ငံမှာ ဘာကြောင့် ဒီမိုကရေစီရချင်သလဲဆိုတာကို သိအောင်လုပ်ဖို့ပါ။ဒီမိုကရေစီဆိုတာလောကနိဗ္ဗာန်မဟုတ်ပါဘူး။ဒါကိုအမေရိကန်ကလူတွေကတော့ သိပြီးဖြစ်မှာပါ။ ဒီမိုကရေစီဆိုတာ ကိုယ်ရင်ဆိုင်နေရတဲ့ ပြဿနာ၊ ကိုယ်ရင်ဆိုင်နေရတဲ့ကိစ္စမျိုးတွေကို ကိုယ်တိုင် ကိုင်တွယ်ဖြေရှင်းနိုင်တဲ့အခွင့်အရေးတွေ ဖြစ်ပါတယ်။

"ဘယ်လိုစိန်ခေါ်ချက်တွေကိုမဆို ရင်ဆိုင်နိုင်ဖို့နဲ့ ကိုယ့်ကြမ္မာကိုယ်ဖန်တီးနိုင်ရဖို့အတွက် မြန်မာနိုင်ငံမှာ ဒီမိုကရေစီကို လိုလားကြတာဖြစ်ပါတယ်။ လွတ်လပ်မှု အတိုင်းအတာ တစုံတရာနဲ့ အသိဉာဏ်ပိုင်ဆိုင်မှုရှိထားမှ ဒီစိန်ခေါ်ချက်တွေကို ကိုယ်တိုင် ဖြေရှင်းကိုင်တွယ်နိုင်မှာဖြစ်ပါတယ်။ ဒါကြောင့် မြန်မာနိုင်ငံမှာ မြန်မာလူထုက သူတို့အနေနဲ့ ဘယ်လိုအုပ်ချုပ်ရေးမျိုးကိုလိုချင်တယ်၊ ဘယ်လိုတိုင်းပြည်မျိုးလိုချင်တယ်ဆိုတာမျိုးတွေနဲ့ အဲဒီအတွက် သူတို့ဘာတွေလုပ်နေကြတယ်ဆိုတာမျိုးကို အမေရိကန်ပြည်ထောင်စုနဲ့ အခြား ကမ္ဘာ့နိုင်ငံတွေက လူငယ်တွေ သိစေချင်ပါတယ်။"

မြန်မာနိုင်ငံတွင်းမှာ လူငယ်တွေကို အဓိကအားထားပြီး ပြည်သူ့ကွန်ရက်တည်ဆောက်နေတဲ့ ရည်ရွယ်ချက်ကိုလည်း ဒေါ်အောင်ဆန်းစုကြည်က အသေအချာ ရှင်းပြသွားပါတယ်။ မိမိရဲ့ လူ့အသိုင်းအဝိုင်းကို ပြောင်းလဲချင်စိတ်ဖြစ်အောင် အရင်ဆုံးစလုပ်ရမှာဖြစ်ပြီး ဒီ့အတွက် အခွင့်အလမ်း လိုအပ်ချက်ဟာ ဒီမိုကရေစီပဲဖြစ်တယ်လို့ ဒေါ်အောင်ဆန်းစုကြည်က ပြောခဲ့ပါတယ်။

"ဒီမိုကရေစီဆိုတာဟာ ပြည်သူလူထုကို ယုံကြည်ခြင်းဖြစ်ပါတယ်။ ဒီနေရာမှာ ပြည်သူလူထုကိစ္စက အရင်ကျပါတယ်။ ဒုတိယကျမှ ဒီမိုကရေစီပါ။ ဒါကြောင့်လည်း ဒီမိုကရေစီအတွက်ပြည်သူ့ ကွန်ရက်တရပ်ထူထောင်ဖို့ ကြိုးပမ်းနေတာဖြစ်ပါတယ်။ ဒီမိုကရေစီဆိုတာ ဘာလဲ၊ ဘာကြောင့် ဒီမိုကရေစီလိုချင်တာလဲ၊ ဒါကို ပြည်သူတွေနား

စာမျက်နှာ ၃ သို့


- အဖွဲ့ချုပ်ဗဟို စီအီးစီ ရောဝတီတိုင်းဖြိုနယ် ခေါင်းဆောင်များကို တွေ့ဆုံမေးမြန်း — စာမျက်နှာ ၃
- တိုင်းပြည်အတွက်အရေးကြီးတဲ့အချိန်မှာ ညီညွတ်ကြဖို့ ဒေါ်စု တိုက်တွန်း — စာမျက်နှာ ၇
- လယ်သမားပြဿနာ ကူညီရေးအမျိုးသား ဒီမိုကရေစီအဖွဲ့ ချုပ်ဆွေးနွေး — စာမျက်နှာ ၁၀
- သမ္မတ၏လုပ်ပိုင်ခွင့်များသည် အခြေခံဥပဒေနှင့် မကိုက်ညီဟု အဖွဲ့ချုပ်ပြောကြား — စာမျက်နှာ ၁၃
- လွှတ်တော်ကိုယ်စားလှယ်များ၏ မေးခွန်းများလိုချင်သောအဖြေမရဟုဆို — စာမျက်နှာ ၁၆
- စုံစမ်းရေးကော်မရှင်ဖွဲ့ဖို့အဆိုပြုချက် ထောက်ခံတဲ့ ၂ နိုင်ငံထပ်တိုး — စာမျက်နှာ ၁၉

VOB အာဘော်

# စည်းကမ်းရှိသည်ဆိုသော ဒီမိုကရေစီ

မြန်မာစစ်အစိုးရက နိုင်ငံကို စည်းကမ်းရှိတဲ့ဒီမိုကရေစီနိုင်ငံအဖြစ်ထူထောင်မည်ဟု အစဉ်တစိုက် ထုတ်ပြန်ပြောဆိုနေ ခဲ့သည်။ သို့သော်လည်း ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် စစ်တပ်က နေရာတကာတိုင်းတွင် လက်ဝါးကြီးအုပ်ခွင့်နှင့် စွက်ဖက်ခွင့်များကို ပေးထားသည်။ အဆိုပါအခြေခံဥပဒေက အနာဂတ်မြန်မာနိုင်ငံအား စစ်တပ်လက်ဝါးကြီးအုပ်နိုင်ငံရေးစနစ်ကို ထူထောင်ရန် အာမခံချက်ပေးထားသည်။ နအဖ၏ကြပ်ပြေးနေပြည်တော် အထူးအုပ်ချုပ်ရေးနယ်မြေအဖြစ်သတ်မှတ်ထားပြီး လွှတ်တော်၏အာဏာအောက်တွင်ထားရှိခြင်းမရှိပဲ၊ သမတ၏တိုက်ရိုက်အုပ်ချုပ်မှုအောက်တွင် ထည့်သွင်းထားသည်။

ကြပ်ပြေးနေပြည်တော်အရေးနှင့်ပတ်သက်လျှင် လွှတ်တော်၏ဆုံးဖြတ်ချက်အတိုင်းမဟုတ်ပဲ သမတ၏ဆုံးဖြတ်ချက် အတိုင်းဖြစ်စေရန်ဖြစ်သည်။ နအဖအလိုကျ အခြေခံဥပဒေတွင် ရွေးကောက်ပွဲတွင် ရွေးချယ်ခံရသောအမတ်များထဲမှ ဦးသိန်းစိန်ကို သမတအဖြစ် ရွေးချယ်ခဲ့သော်လည်း သမတသည် ကျမ်းသစ္စာကျိမ်ဆိုခြင်းမရှိသေးပေ။ သို့သော်လည်း ရွေးချယ်ခံသမတသည် အစိုးရအဖွဲ့ဝင်ဝန်ကြီးများအား လွှတ်တော်သို့အမည်စာရင်းတင်သွင်းခဲ့သည်။အဆိုပါလုပ်ဆောင်ချက်သည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်ညီညွှတ်ခြင်းမရှိသည်ကိုတွေ့ရသည်။ ထိုလုပ်ရပ်ကို လွှတ်တော်အမတ်တဦး တယောက်ကမျှ ထောက်ပြခြင်း၊ ဝေဖန်ခြင်းများမပြုခဲ့ပေ။ သို့သော်လည်း အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ထိုအခြေအနေကို ထောက်ပြကာဝေဖန်ခဲ့သည်။ စစ်အာဏာရှင်များသည် မိမိတို့စိတ်ကြိုက်ရေးဆွဲထားသောအခြေခံဥပဒေပါ အချက်အလက်များအတိုင်း မိမိတို့ကိုယ်တိုင်အတိအကျလိုက်နာခြင်းမရှိသည်ကိုတွေ့ရသည်မှာ အနာဂတ်မြန်မာနိုင်ငံအရေးအတွက် စိုးရိမ်စရာပင်ဖြစ်သည်။ ထို့ကြောင့် နအဖစစ်အစိုးရက မြန်မာနိုင်ငံတွင် ဒီမိုကရေစီထူထောင်မည်ဆိုသည့် ပြောဆိုချက်များကို လက်တွေ့အကောင်အထည်ဖော်နိုင်မည်၊ နအဖစစ်အာဏာရှင်များပြောဆိုချက်ကို ယုံကြည်လျက် အဆင့် ၇ ဆင့်ပါသော ဒီမိုကရေစီလမ်းပြမြေပုံအတိုင်း လျှောက်လှမ်းနေသူများသည် ဒီမိုကရေစီပန်းတိုင်သို့ ရောက်မည်မဟုတ်ဟု ဆိုရမည်ဖြစ်ပေသည်။

---

# ပြည်တွင်းငြိမ်းချမ်းရေး အရေးကြီးပုံ ဒေါ်အောင်ဆန်းစုကြည် ရှင်းလင်း

**DVB ၊ မတ်လ ၁၀ ။** ။ မြန်မာနိုင်ငံကို စစ်အုပ်စုအုပ်ချုပ်တဲ့အကြောင်းရင်းထဲမှာ ပြည်တွင်းငြိမ်းချမ်းရေးမရှိတာလည်းပါတယ်လို့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အထွေထွေ အတွင်းရေးမှူး ဒေါ်အောင်ဆန်းစုကြည်ကပြောပါတယ်။

ကရင်ပြည်နယ် ၆ မြို့နယ်၊ မွန်ပြည်နယ် ၈ မြို့နယ်နဲ့ တနင်္သာရီတိုင်း ၈ မြို့နယ်တို့က ပြည်နယ်တိုင်း မြို့နယ်စည်းရုံးရေးမှူးတွေနဲ့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင်အဖွဲ့တို့ ဒီကနေ့တွေ့ဆုံပွဲမှာ ခုလိုပြောဆိုလိုက်တာဖြစ်ပါတယ်။

“ဒီမိုကရေစီဖော်ဆောင်ဖို့၊ လူ့အခွင့်အရေးတွေအပြည့်အဝရဖို့ဆိုတာဟာ ပြည်တွင်းမှာ အေးချမ်းငြိမ်းချမ်းမှုရှိမှဖြစ်မှာပါ။ ငြိမ်းချမ်းမှုမရှိလို့ ဒီမို ကရေစီမရှိဘူးတော့မဟုတ်ပါဘူး။ ဒါပေမယ့် ပြည်တွင်းငြိမ်းချမ်းရေးမရှိလို့ရှိရင် ဒီမိုကရေစီကို ထိခိုက်ပါတယ်၊ ကျမတို့ မြန်မာနိုင်ငံမှာလည်း ပြည်တွင်းငြိမ်းချမ်းရေးမရှိတဲ့အခါကျတော့ တပ်မတော်ကအင်မတန်မှအားကြီးလာပါတယ်။ဒါက တော့ ဖြစ်လေ့ဖြစ်ထရှိတဲ့ကိစ္စ။ နောက်အကျိုးဆက်တွေကတော့ တပ်မတော်အစိုးရတွေပေါ်လာတဲ့ကိစ္စပါပဲ။ ဒါ ကျမအမြင် ဒီလိုပဲမြင်ပါတယ်။ ပြည်တွင်းငြိမ်းချမ်းရေးမရှိတဲ့အကြောင်းဟာ ဒီနိုင်ငံမှာ စစ်အစိုးရတွေ အုပ်ချုပ်သွားတဲ့ကိစ္စတွေရဲ့အကြောင်းရင်းတခုဖြစ်တယ်လို့ ကျမမြင်တယ်။”

ကရင်ပြည်နယ် မွန်ပြည်နယ်နဲ့ တနင်္သာရီတိုင်း စည်းရုံးရေးမှူးတွေက ဆွေးနွေးတဲ့ အကြောင်းအရာတချို့ကိုတော့ အဖွဲ့ချုပ်ပြန်ကြားရေးတာဝန်ခံ ဦးအုန်းကြိုင်က ပြောပါတယ်။

ကရင်ပြည်နယ်နဲ့ပတ်သက်လို့ ဦးအုန်းကြိုင်က အခုလိုပြောပါတယ်။

“ကရင်ပြည် နယ်ဘက်မှာ နကစလို့ ခေါ်တဲ့ နယ်စပ်ကြီးကြပ်ကွပ်ကဲရေးဌာနချုပ်ရဲ့ တပ်ရင်း ၁၀ ရင်းလောက်က ရွာတရွာမှာလာပြီးတော့ ထိုင်တယ်။ အဲဒီရွာက လယ်ယာမြေတွေကို သိမ်းပစ်လိုက်ပြီးတော့ အဲဒီမြေမဲ့ယာမဲ့ဖြစ်သွားတဲ့လူတွေကို မြေအစားပေးပေမယ့် တချို့လူတွေမရဘူး။ မြေမဲ့ယာမဲ့ ဘဝနဲ့ အကြီးအကျယ် ဒုက္ခရောက်နေတယ် အခုထက်တိုင် ဖြေရှင်းမပေးနိုင်သေးတဲ့ ကိစ္စတွေကို ဆွေးနွေးခဲ့တယ်လို့ပြောပါတယ်။”

ဒီ့အပြင် ချောင်းဆုံတို့၊ ကျိုက်မယောတို့မှာ လောင်းကစားဝိုင်းတွေနဲ့ တရားဥပဒေစိုးမိုးမှု မရှိဖြစ်နေသလို ဒေသခံအာဏာပိုင်တွေကလည်း ဘိလိယက်၊ အရက်ဆိုင်၊ ဘိန်ခန်းတို့ကို ပြောင်ကို လွှတ်ပေးထားပြီးတော့ တမြို့နယ်လုံးစာရိတ္တပျက်ပြားတော့မလိုဖြစ်နေတဲ့ကိစ္စမျိုးတွေ ဆွေးနွေးတင်ပြခဲ့တယ်လို့ ဆိုပါတယ်။

တနင်္သာရီတိုင်းဟာဝင်ငွေလုပ်ခကောင်းတယ်ဆိုပြီး ရောဝတီတိုင်းဘက်အချို့ရွာတွေက ကလေးမလေးတွေကို မက်လုံးပေးစည်းရုံးပြီးတော့ အိမ်ဖော်၊ စားသောက်ဆိုင်တို့မှာ အရွယ်နဲ့မတန်တဲ့ အလုပ်တွေ ခိုင်းနေတဲ့အတွက် အဖွဲ့ချုပ်က အိုင်အယ်လ်အိုနဲ့ညှိနှိုင်းပြီး မိဘထံပြန်ပို့ပေးရတာမျိုးတွေရှိနေတဲ့ အကြောင်း၊ ဒါတွေကို သက်ဆိုင်ရာ ရောဝတီတိုင်းတို့ ဘာတို့မှာလည်း ပညာပေးတဲ့လုပ်ငန်းတွေ ဆောင်ရွက်စေချင်တဲ့အကြောင်း စတာတွေကိုလည်းဆွေးနွေးတင်ပြခဲ့တယ်လို့ဆိုပါတယ်။ အဖွဲ့ချုပ်ဗဟိုအလုပ်အမှုဆောင်အဖွဲ့နဲ့ပြည်နယ်တိုင်း၊ မြို့နယ်စည်းရုံးရေးမှူးတွေရဲ့တွေ့ဆုံဆွေးနွေးပွဲကို မနက်ဖြန်မှာ ဆက်လုပ်သွားမှာဖြစ်ပြီး မန္တလေးတိုင်း စည်းအဖွဲ့တွေနဲ့ တွေ့ဆုံမှာဖြစ်ပါတယ်။

# အဖွဲ့ချုပ်ဗဟို စီအီးစီ ဧရာဝတီတိုင်းမြို့နယ်ခေါင်းဆောင်များကို တွေ့ဆုံမေးမြန်း

**DVB ၊ မတ်လ ၉ ။** ။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဧရာဝတီတိုင်းထဲက မြို့နယ်အဆင့် စည်းရုံးရေးမှူးတွေက ဧရာဝတီတိုင်းတွင်းမှာ အာဏာပိုင်တွေရဲ့ လယ်ယာမြေ တ ရားလက်လွတ် သိမ်းဆည်းမှု၊ ပြည်သူလူထု စားဝတ်နေရေး ကျပ်တည်းပုံနဲ့ လောင်းကစားဝိုင်းတွေ ထူပြောနေပုံကို ဒေါ်အောင်ဆန်းစုကြည် အပါအဝင် အဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင် ကော်မတီဝင်တွေနဲ့ ဒီနေ့အဖွဲ့ချုပ်ရုံးမှာ တွေ့ဆုံပြီး တင်ပြလိုက်ကြပါတယ်။

အထွေထွေအတွင်းရေးမှူး ဒေါ်အောင်ဆန်းစုကြည်က တက်ရောက်လာတဲ့ မြို့နယ်ခေါင်းဆောင်တွေကို ပြောကြားတဲ့အမှာစကား အတိုချုပ်ကို ဦးအုန်းကြိုင်က ခုလိုပြောပါတယ်။

"အထွေထွေအတွင်းရေးမှူးပြောတာက အဖွဲ့ချုပ်က သိသင့်တာကတော့ ဧရာဝတီတိုင်းအတွင်းမှာရှိတဲ့အဖွဲ့ဝင်ထုရဲ့အခြေအနေ၊ မြို့နယ်စည်းကော်မတီရဲ့ စည်းရုံးဆောင်ရွက်နိုင်မှုအခြေအနေ၊ နောက် ပြည်သူလူထုရဲ့ ပကတိအခြေအနေမှာ ပြည်သူလူထုနဲ့ မြို့နယ်စည်းကော်မတီများနဲ့ ချိတ်ဆက်ဆောင်ရွက်မှုအခြေအနေ၊ ပါတီအတွင်း အကျိုးပြုလုပ်ငန်းများ လုပ်နေတဲ့အနေအထားတွေ့ကြုံနေရတဲ့အခက်အခဲ၊ အောင်မြင်မှု အဲဒီကိစ္စတွေကို ရှင်းပါတယ်။ အဲဒါတွေကို သိသင့်ပါတယ်။ သိပြီးတော့မှ ရှေ့ဆက်ပြီးတော့မှလူမှုရေးလုပ်ငန်းတွေ ဘယ်လို တိုးချဲ့မလဲဆိုတာကို စဉ်းစားကြမှာဖြစ်ပါတယ်။ အဲဒါကြောင့် မခြွင်းမချန် တင်ပြပါလို့၊ အဲဒီလို ဖွင့်ပေးပါတယ်။"

ဧရာဝတီတိုင်းက အဖွဲ့ချုပ် မြို့နယ်ခေါင်းဆောင်တွေက လယ်ယာမြေကိစ္စ၊ လယ်ယာမြေပိုင်ဆိုင်မှုပြဿနာ၊ စိုက်ပျိုးရေးကိစ္စ၊ တရားဥပဒေစိုးမိုးမှုကိစ္စ၊ သဘာဝပတ်ဝန်းကျင် ထိခိုက်ပျက်စီးနေမှုကိစ္စတွေကို တင်ပြကြတယ်လို့ဆိုပါတယ်။ ဥပမာအားဖြင့် လျော်ကြေးမပေးဘဲ အကြောင်းအမျိုးမျိုးပြပြီး လယ်သိမ်းမှုတွေကြောင့် လယ်သမားတွေ အကြီးအကျယ်အတိဒုက္ခရောက်နေကြတဲ့ အကြောင်း၊ ကုမ္ပဏီတွေက တချို့နေရာတွေမှာဘိုးစဉ် ဘောင်ဆက်လုပ်ကိုင်စားနေတဲ့ လယ်ယာမြေတွေကို သူတို့ရဲ့ လုပ်ငန်းစီမံချက်တွေအတွက် အာဏာပိုင်နဲ့ပေါင်းပြီးသိမ်းတဲ့ကိစ္စတွေ တင်ပြကြပါတယ်။

ဒ့ါအပြင်လယ်သမားတွေကို ငွေထုတ်ချေးတဲ့ကုမ္ပဏီတချို့၊ အဖွဲ့အစည်းအချို့ကလည်း လယ်သမားတွေကို ငွေထုတ်ချေးတာတွေရှိပြီး အဲဒီငွေတွေကို အရစ်ကျ ပြန်ဆပ်ခိုင်းတဲ့အကြောင်း၊ တရစ်ချင်းအတွက် ပေးရတဲ့အတိုးနှုန်းက မများပေမယ့် ပြန်ဆပ်တဲ့ငွေကို အတိုးလျှော့မပေးဘဲ ဒီအတိုင်းထားလိုက်ကြတဲ့အတွက် အကုန်လုံးအကြွေးဆပ်ပြီးတဲ့အခါမှာ အတိုးနှုန်းက ၃၆ ရာခိုင်နှုန်းလောက်ထိ ပေးနေရတာကိုတွေ့ရတဲ့အကြောင်း တင်ပြကြပါတယ်၊ ဒီကြားထဲမှာ ရာသီဥတုဖောက်ပြန်လို့ သီးနှံမထွက်တဲ့အတွက် ကြွေးပြန်မဆပ်နိုင်တဲ့အခါ လယ်သမားတွေမှာ ကြွေးဒဏ်ပိပြီး ဒုက္ခရောက်ရပုံ၊ ဒီကြားထဲ ကြွေးရှင်တွေက သက်ဆိုင်ရာနဲ့ညှိပြီး လယ်သမားကို ဒုက္ခပေးတဲ့အခါ လယ်မဲ့ယာမဲ့ဘဝကို ရောက်ကြရတဲ့အကြောင်း တင်ပြကြပါတယ်။

တချို့လည်း ကြွေးပူလို့ အခြေတစိုက် နေထိုင်ရာ ဇာတိကျေးရွာကနေ တနယ်တကျေးကို စွန့်ခွာထွက်ပြေးသူဟာ မြို့နယ်တွေအတွင်းမှာ တကယ့်ကိုဖြစ်နေပြီဆိုတာတွေကို တင်ပြပါတယ်။ ဆည်မြောင်းတာတမံတွေ အထက်ဘက်မှာဖောက်တဲ့အတွက် အောက်ပိုင်းမှာ မြစ်ချောင်းတွေတိမ်ကောပြီး သောက်ရေပါရှားပါးတဲ့ရွာတွေရှိနေပြီဆိုတာတွေ တင်ပြပါတယ်။ သဘာဝပတ်ဝန်းကျင်ထိန်းသိန်းရေးနဲ့ပတ်သက်လို့ ပိုးသတ်ဆေးတွေကို အဆင်ခြင်မရှိ ဗဟုသုတနည်းနည်းနဲ့သုံးတဲ့အတွက် ဘေးထွက်ဆိုးကျိုးကို လယ်သမားတွေခံစားကြရတာရှိတယ်။

ကျေးရွာတွေမှာ တရားဥပဒေစိုးမိုးမှုနည်းနေတဲ့အတွက်ကြောင့် သက်ဆိုင်ရာအာဏာပိုင်တွေက ခွင့်ပြုထားတဲ့အလား နှစ်လုံးထီ၊ သုံးလုံးထီ တွေနဲ့ တရားမဝင်လောင်းကစားဝိုင်းတွေများလာပြီး စာရိတ္တပျက်ယွင်းမှုတွေတိုးပွားလာနေတာတွေ၊ လစာတွေတိုးမယ်ဆိုတဲ့ အသံတွေနဲ့အတူ ကုန်ဈေးနှုန်းမြင့်တက်တော့မယ်ဆိုတာ၊ နယ်မြို့တွေမှာ အထိတ်တလန့်ဖြစ်နေတာကတော့ သမ္မတလစာ သိန်းငါးဆယ်ဖြစ်ပြီး ဝန်ထမ်းတွေ လစာလေးဆငါးဆတိုးမယ်ဆိုပြီး ကုန်ဈေးနှုန်းတက်တာတွေကို တင်ပြကြပါတယ်။

အဖွဲ့ချုပ်ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဟာ တိုင်းနဲ့ပြည်နယ်အသီးသီးမြို့နယ်တွေက စည်းကော်မတီခေါင်းဆောင်တွေနဲ့ ပြည်နယ်အလိုက် တိုင်းအလိုက်ခွဲပြီး ဌာနချုပ်မှာ တွေ့ဆုံနေတာဖြစ်ပြီး လူထုအကြားပိုမိုဝင်ရောက်စည်းရုံးဖို့ တိုက်တွန်းနေပါတယ်။ ဒီကနေ့တွေ့ဆုံပွဲကို အဖွဲ့ချုပ်စီအီးစီအားလုံးနီးပါးနဲ့ဧရာဝတီတိုင်းမြို့နယ် နှစ်ဆယ်ကျော်က စည်းကော်မတီဝင်တွေတက်ပါတယ်။

**မျက်နှာဖုံးမှ**

လည်အောင်လုပ်နိုင်ဖို့ပါ။

"ဒီတော့ ပြည်သူလူထုအနေနဲ့ ကနဦးအဆင့် သူ့ လူ့အသိုင်းအဝိုင်းအတွင်းမှာ ပြောင်းလဲမှုတွေဖြစ်လာအောင် စတင်လုပ်ကြရပါမယ်။ အဲဒီကနေ နောက်တဆင့် လွတ်လပ်မှုတွေရှိလာဖို့နဲ့အပြောင်းအလဲအတွက် အခွင့်အလမ်းကိစ္စတွေကို ရှာဖွေရပါမယ်။"

အခုဆွေးနွေးပွဲမှာ ကယ်လီဖိုးနီးယားပြည်နယ် အတွင်းရှိတဲ့ မြန်မာ့ဒီမိုကရေစီရေးတက်ကြွလှုပ်ရှားသူအချို့နဲ့ ဘာကလေတက္ကသိုလ်မှာစာသင်ကြားနေတဲ့ မြန်မာလူငယ်အချို့လည်း တက်ရောက်သလို ဒေါ်အောင်ဆန်းစုကြည်ကိုလည်း မေးခွန်းတွေ ကိုယ်တိုင်ထုတ်ခဲ့ကြပါတယ်။ ပြည်ပရောက် မြန်မာလူငယ်တွေအနေနဲ့ မြန်မာနိုင်ငံတွင်းက လူငယ်တွေရဲ့ အခြေအနေကို မမေ့ကြဖို့ ဒေါ်အောင်ဆန်းစုကြည်က တိုက်တွန်းခဲ့ပါတယ်။

"ဒီလိုတိုင်းပြည်မျိုးမှာ ကြီးပြင်းခွင့်ရတာ ဒီအတွေ့အကြုံတွေနဲ့ကိုယ့်ဘဝကို ရင့်ကျက်စေပါတယ်။ ဒီလိုတိုင်းပြည်တွေမှာ ကြီးပြင်းနေထိုင်ခွင့်ရတဲ့အတွက် အဲဒီတိုင်းပြည်တွေကိုလည်း သစ္စာရှိရပါမယ်။ တချိန်တည်းမှာပဲ မြန်မာနိုင်ငံကိုလည်း မမေ့စေချင်ပါဘူး။ မြန်မာပြည်သူတွေရဲ့ ပညာရေးနဲ့ လူမှုဘဝ တိုးတက်ရေး ကူညီနိုင်ဖို့ အတွက်လည်း ဒီလူတွေလိုအပ်ပါတယ်။ မြန်မာပြည်က လူငယ်တွေအနေနဲ့ နိုင်ငံခြားမှာရောက်နေတဲ့ လူငယ်တွေလောက်အခွင့်အလမ်းတွေ မရကြပါဘူး။

"ဒါကြောင့်မြန်မာလူငယ်တွေပညာရေးတိုးတက်လာဖို့အတွက် အာရုံထားပြီး အမေရိကန်ပြည်ထောင်စုရောက် မြန်မာလူငယ်တွေလုပ်ပေးနိုင်ကြမယ်ဆိုရင် ကျမ အင်မတန်ကျေးဇူးတင်ပါတယ်။ ဥပမာ ပညာရေး ရန်ပုံငွေတရပ် ထူထောင်တာမျိုးဖြစ်ဖြစ်ပေ့ါ။"

ဆွေးနွေးပွဲအတွင်းမှာ ကိုယ်တိုင်တက်ရောက်လာသူ ကျောင်းသားလူငယ် ၃၀၀ လောက်ရှိပြီး ဂျပန်၊ ဩစတြေးလျားနဲ့ ထိုင်းနိုင်ငံက ကျောင်းသား ၁၅၀ ကျော်ဟာလည်းအင်တာနက်ကတဆင့် ပါဝင်နားထောင်ဆွေးနွေးခဲ့ကြပါတယ်။ ကျောင်းသားလူငယ်တွေဘက်ကတော့ သူတို့အနေနဲ့ မြန်မာပြည်လွတ်မြောက်ရေးနဲ့သူတို့ ဘယ်လိုအကူအညီပေးနိုင်မလဲဆိုတဲ့ မေးမြန်းချက်တွေနဲ့အတူဒေါ် အောင်ဆန်းစုကြည်ရဲ့ ပုဂ္ဂိုလ်ရေးဘဝ အချို့ကိုလည်း မေးမြန်းခဲ့ကြ ပါတယ်။

အခုဆွေးနွေးပွဲဟာ နိုင်ငံတကာရှိ ကျောင်းသားလူငယ်တွေနဲ့ ဒေါ်အောင်ဆန်းစုကြည်အကြား အင်တာနက်ကတဆင့် တိုက်ရိုက်ဆွေး နွေးခွင့်ရတဲ့ ရှားရှားပါးပါးအခြေအနေတခုဖြစ်သလို ဒီဆွေးနွေးပွဲကို ဘာကလေတက္ကသိုလ် ကျောင်းသားတွေဘက်က ဦးဆောင်ကမကထ လုပ်ခဲ့တာလို့လည်းသိရပါတယ်။

# တိရစ္ဆာန်များအကြောင်း စကားလက်ဆုံ

(၂၀၁၁ ခု မတ်လ ၇ ရက်နေ့ထုတ် မိုင်အိနိချိ ဂျပန်သတင်းစာပါ ဒေါ်အောင်ဆန်းစုကြည်၏ ANIMAL TALK ကို ဆီလျော်အောင် ဘာသာပြန်ဆိုပါသည်။ )(ဘာသာပြန်ဆို မောင်မောင်လှကြိုင်)

ထောင်တွင်းရောက်ရှိနေကြသော လုပ်ဖော်ကိုင်ဘက် အပေါင်းအသင်းများသည် အလွန်ညံ့ဖျင်းသည့် မနေအပ်သော ထောင်အကျဉ်းခန်းများတွင် ကာလရှည်စွာထောင်အချခံရစဉ် မိသားစုသဖွယ်ဖြစ်ခဲ့ကြရသော သတ္တဝါငယ်လေးများ၊ ငှက်များ၊ ပိုးမွှားလေးများအကြောင်းများကို တခါတရံ စာမြို့ပြန်တတ်ကြပါသည်။

တွေ့ဆုံပြောဆိုခန်း၏နံရံများနှင့် ဘားတန်းများတွင်တွေ့ရတတ်သည့် ကြောင်များသည် အထီးကျန်ဖြစ်နေကြသည့် အကျဉ်းကျများ၏ မေတ္တာကိုရယူရန် ချဉ်းကပ်တိုးဝင်တတ်ပါသည်။ ယင်းအကျဉ်းသားများကလည်း သက်ရှိသတ္တဝါများကို အဖော်ပြုနိုင်ဖို့အတွက် မိမိတို့၏စားကြွင်းစားကျန်လေးများဖြင့် အလဲအလှယ် လုပ်တတ်ပါသည်။

အင်းစိန်ထောင်၏ပရဝဏ်တွင် အချိန်တို နှစ်ကြိမ်ကာလ နေခဲ့ရစဉ်အတွင်း ကျွန်မသည် ကြောင်တကောင် မျှမတွေ့ခဲ့ရပါ။ သို့သော် နေအိမ်အကျယ်ချုပ်ထိန်းသိမ်းခံနေရစဉ်တလျှောက်လုံး ကျွန်မသည် ကြောင်များ ကို အမြဲတွေ့နေရပါသည်။

အဖိုးဖြစ်သူက "ပူစီ ပူစီ ပူစီ"လို့ခေါ်သံကို ပြန်ထူးသည့် ကြောင်ကြီး (ကျွန်မ၏ကလေးမျက်စိမှာတော့ အတော်ကို ကြီးပါသည်။)ကို အိမ်မွေးတိရစ္ဆာန်အဖြစ် ပထမဦးဆုံးသိမြင်ခဲ့ရသော်လည်းကျွန်မသည် ကြောင်ထက် ခွေးကို ပိုချစ်ပါသည်။ ကျန်မိသားစုများကလည်း အဖိုး၏ကြောင်ဖြစ်၍ အဖိုးကိုလေးစားစွာဖြင့် "ပူစီ ပူစီ ပူစီ"လို့ ခေါ်ကြပါသည်။

ခွေးများကို လမ်းများပေါ်တွင် ဝဲစွဲလေလွင့် ခွေးဗန္ဒတ်များ သို့မဟုတ် လူကြီးများက အိမ်နောက်ဖေး မီးဖို ဆောင်များမှမောင်းထုတ်လေ့ရှိသည့် မလိုလားသောကျူးကျော်သူများအဖြစ်သာ ကျွန်မသိထားခဲ့ပါသည်။ ခေါင်းမာသောခွေးမတကောင်ကတော့ မီးဖိုဆောင်မှ ဆွဲထုတ်အမောင်းခံရခြင်းကိုအာခံလျက် အမှိုက်များ ဖွသွားခဲ့ပါသည်။

လွန့်လွန့်လူးလူးသွားလာနေသော ခွေးငယ်အုပ်ကို ကျွန်မ စိတ်ကူးအလွန်ယဉ်ခဲ့ပါသည်။ ကျွန်မ၏ ပထမအိပ်မက်ကတော့ ခွေးအုပ်ငယ်တွေပဲဖြစ်ပါသည်။ အဲဒီအချိန်တုန်းကတော့ ဒါကို အိပ်မက်လို့ မထင်ခဲ့ပါ။ ခွေးငယ်တအုပ်ဟာ တကယ်ပဲ ကျွန်မခြေထောက်တွေကို ကျော်လွှားပြေးလွှားနေတယ်လို့ ထင်မိခဲ့ပါသည်။ အိပ်ရာမှနိုးတော့ သူတို့ကိုမတွေ့ရတော့ပါ။ ဘာတွေဖြစ်ပျက်တယ်ဆိုတာ ကျွန်မနားမလည်နိုင်ခဲ့ပါ။ စိတ်အတွေးတွေ အားလုံးရှုပ်ထွေးနေပါတော့သည်။

၁၉၅၀ ခုနှစ်၏ အစောပိုင်းလများတွင် ရန်ကုန်၏လမ်းများပေါ်၌ စိတ်ဝင်စားဘွယ် ပို့ဆောင်ရေးယာဉ်များနှင့် ပြည့်နှက်လျက်ရှိနေခဲ့ပါသည်။ ထောင့်ကျကျဘတ်စ်ကားများ၊ ဒုတိယကမ္ဘာစစ်ဒဏ်ခံခဲ့ရသော ဂျစ်ကားများ၊ စစ်ကြိုဆလွန်းကားများ၊ ဆိုက်ကားများ(စက်ဘီးဘေးတွင် ကျောချင်းကပ်ခရီးသည် ၂ ဦးထိုင်ခုံကိုဘေးတွင်ကပ်ပြုလုပ်ထားသည့် ယာဉ်) နှင့် လံခြားများဖြစ်ကြပါသည်။

နွမ်းနယ်ဟန်ပေါ်ကာ ပိန်လှီပြီး ခြေထောက်များကြောက်စရာအနာများရှိနေတတ်သော မြင်းများတပ်ဆွဲသည့် ပေါင်းမိုးပါမြင်းလှည်းများလည်းရှိပါသည်။ သူတို့ကိုမြင်တွေ့ရသည်မှာ နှလုံးမချမ်းမြေ့ဘွယ်မြင်ကွင်းဖြစ်ရပါသည်။ ယင်းနှင့်ဆက်စပ်ကာ တိရစ္ဆာန်ညှင်းပန်းနှိပ်စက်မှုမှကာကွယ်သည့်အသင်း (SPCA - Society for the Prevention of Cruelty to Animals)ကို ကျွန်မ စတင်လေ့လာမိတော့ပါသည်။

အခြားသောမြင်းအမျိုးအစားကို ကျွန်မ မကြာခဏတွေ့မိခဲ့ပါသည်။ အမေရိကန်အနောက်တိုင်း ဇာတ်ကြမ်းရုပ်ရှင်များတွင် ဖြစ်ပါသည်။ သန်စွမ်း၊ မြူးကြွ၊ တဟုန်ထိုးခုန်ပေါက်၊ ခွါဆုံပေါက် ထွားကြိုင်းသော ထိုမြင်းများသည် ရန်ကုန်မှ ညီကိုတော်မြင်းများနှင့် အမျိုးတူများဖြစ်နေသည်ကို ယုံနိုင်စရာ ခက်ခဲနေရပါသည်။

သို့သော် မြင်းစီးသူ၏ဘိနပ်တွင်တပ်ဆင်ထားသော မြင်းကိုဆောင့်သည့်အချွန်များကိုမြင်လိုက်ရသောအခါ SPCA သည်လည်း အနောက်နိုင်ငံများတွင် ကျွန်မနိုင်ငံက လမ်းများပေါ်တွင်မှာလို အသုံးမဝင်ပါကလားလို့ အံ့ဩမိခဲ့ရပါသည်။

ကျွန်မမိခင် မြန်မာသံအမတ်အဖြစ်တာဝန်ထမ်းဆောင်ရသော အိန္ဒိယနိုင်ငံ ဒေလီမြို့တွင် မြင်းများနှင့် ကျွန်မအကျွမ်းဝင်ခဲ့ရပါသည်။ ကျွန်မ၏ပထမမြင်းစီးသင်ခန်းစာများမှာ အဖြူနှင့်အုန်းခွံရောင်အကွက်အကျားအရောင်ရှိလုံးပတ်ထွားပြီးသဘောထားမသေချာသည့်"ပရေရီအိုက်စတာ"အမည်ရှိ မြင်းငယ် ကလေးပေါ်တွင်ဖြစ်ပါသည်။

နောက်ပိုင်းတွင် မြင်းစီးကလပ်ကိုဝင်ရောက်ခဲ့ကာ ရဲစွမ်းသတ္တိအမည်များဖြစ်သော "ဘလက်ပရင့်စ်"၊ "ပရင့်သ်ဗီရာ့ဂျ်"နှင့် "သျှီဗဂျီ" တို့၏ကျောပေါ်ရှိကုန်းနှီးပေါ်တွင်တက်စီးခဲ့ပါသည်။ "ဘလက်ပရင့်စ်" သည် ကျွန်မ၏အချစ်တော်မြင်းဖြစ်ခဲ့ပါသည်။ အဘယ်ကြောင့်ဆိုသော် ချောချောမွေ့မွေ့ ပြေးသားကျကာ သက်တောင့်သက်သာကုန်းနှီး 'က'လျက်ရှိနေသောကြောင့်ဖြစ်ပါသည်။ ကျွန်မသည် မြင်းစီးထူးချွန်သူအဖြစ်တော့ မတော်ခဲ့ပါ။

အင်္ဂလန်တွင် တက္ကသိုလ်ကျောင်းသူဘဝတွင် ခွေးချစ်သူများလောကသို့ကျွန်မဝင်ရောက်ခဲ့ပါသည်။ ကျွန်မ၏ကျောင်းအားလပ်ရက်များတွင် အင်္ဂလိပ်သူငယ်ချင်းများ၏အိမ်များတွင် အချိန်ဖြုန်းလေ့ရှိရာ မိသားစုအလယ်တွင်ခွေးချစ်သူတဦးကိုအံ့ဩဘွယ်မရှိမကြာခဏတွေ့ရပါသည်။

အဝလွန်ကာ လိမ့်လိမ့် လိမ့်လိမ့်ဖြင့်သွားတတ်သော မျက်စိတဘက်တွင် အနက်ကွက်ရှိ "ဆေလာ"ခေါ် စတက်ဖို့ဒ်ရှိုင်းယားတယ်ရီယားမျိုးခွေးလေးတကောင်ကိုလည်းတွေ့ခဲ့ဘူးပါသည်။ သူသည် အဝေးမှနေ၍ ဂျင်အရက်နံ့ကိုခံတတ်ပါသည်။ ညင်သာလျက် သဘောကောင်းသည့် အိမ်ရှင်ကောင်းလည်းဖြစ်ပါသည်။

**စာမျက်နှာ ၅ သို့**

# တတိယရုံးချိန်းမှာလည်း မြန်မာတိုင်းမ်အယ်ဒီတာမစ္စတာ ဒန်ကလေ အာမခံမရ

**DVB ၊ မတ်လ ၈ ။** ။ မြန်မာတိုင်းမ်ဂျာနယ်တည်ထောင်သူ အမှုဆောင်အရာရှိချုပ် စီအီးအိုဟောင်း၊ မြန်မာတိုင်းမ်ဂျာနယ် အင်္ဂလိပ်ပိုင်းရဲ့ အယ်ဒီတာချုပ်မစ္စတာရော့စ်ဒန်ကလေကို ဒီကနေ့ တတိယအကြိမ်အဖြစ် ရုံးထုတ်စစ်ဆေးခဲ့ပေမယ့် အာမခံမရသေးဘူးလို့ တရားခွင်ကို တက်ရောက်ခဲ့တဲ့သတင်းထောက်အချို့က ပြောပါတယ်။

မစ္စတာဒန်ကလေအတွက် အာမခံချက်ရဖို့အတွက် လျှောက်ထားဆောင်ရွက်ပေးနေတယ်လို့ မြန်မာတိုင်းမ်ရဲ့ စီအီးအိုသစ်ဖြစ်လာတဲ့ ဒေါက်တာတင်ထွန်းဦးက ပြောပါတယ်။

"ဒီနေ့တရားသူကြီးတို့ ဆုံးဖြတ်လိုက်တာက လာမယ့် မတ်လ ၁၇ ရက်နေ့မှာ မူးယစ်ဆေးဝါးနဲ့သက်ဆိုင်တဲ့ ဆရာဝန်က ထွက်ဆိုမယ်။ နောက် ဒီနေ့ ကျနော်တို့ အာမခံလျှောက်ထားတာ အချုပ်လွတ် ထုချေခွင့်ပေးဖို့ အာမခံပေါ့။ အဲဒီအာမခံက လျှောက်ထားတာကို လက်ခံထားပြီးတော့ ၁၇ ရက်နေ့ကျမှ အာမခံ ရမရသိရမယ်။ နောက်တခါ ၂၃ ရက်နေ့ကျတော့ ရုံးချိန်းနောက်တခု၊ မှုခင်းဆရာဝန် လာထွက်ဆိုမယ်။ အဲဒါ ကျနော် သိရပါတယ်။"

တရားခွင်ကိုရောက်ရှိလာတဲ့ မစ္စတာရော့စ်ဒန်ကလေ ကျန်းမာရေးကောင်းမွန်တာ တွေ့ရတယ်လို့လည်း သူက ဆက်ပြောပါတယ်။

"မနက်ကလည်း ရော့စ်နဲ့ကျနော်တွေ့တယ်၊ ကျန်းကျန်းမာမာပဲ။ မနေ့ကလည်း အင်းစိန်မှာ ကျနော် ထောင်ဝင်စာသွားတွေ့တယ်၊ သူလိုတာလေးတွေ ကူညီဆောင်ရွက်ပေးပါတယ်။ ကျနော်မေးတော့ အဆင်ပြေတယ်ပြောပါတယ်။"

ဒီကနေ့တရားခွင်ကို တရားလို မခိုင်ဇာလင်းလည်း လာရောက်ထွက်ဆိုခဲ့တယ်လို့ တရားခွင်ရောက် သတင်းထောက်အချို့ကဆိုပါတယ်။ မစ္စတာရော့စ်ဒန်ကလေးဟာ ပြီးခဲ့တဲ့ ဖေဖော်ဝါရီလဆန်းပိုင်းကတည်းက အပြင်းအထန်နာကျင်စေမှု၊ အနိုင်ပြုကျင့်မှု၊ မတရားချုပ်နှောင်မှုနဲ့ မြန်မာနိုင်ငံလူဝင်မှုကြီးကြပ်ရေး အက်ဥပဒေတွေနဲ့ကမာရွတ်မြို့နယ် ရဲစခန်းက စတင်ဖမ်းဆီးစစ်ဆေးနေတာဖြစ်ပါတယ်။ သူဖမ်းဆီးစစ်ဆေးခံနေရတဲ့ အချိန်မှာပဲ မြန်မာတိုင်းဂျာနယ်ရဲ့စီအီးအိုတာဝန်တွေနဲ့မြန်မာပိုင်းအယ်ဒီတာချုပ်တာဝန်တွေကို ဒေါက်တာတင်ထွန်းဦးက လွှဲပြောင်းယူလိုက်တဲ့ ဝေဖန်ပြောဆိုမှုတွေ ထွက်ပေါ်ခဲ့ရတဲ့အပေါ်ကိုလည်း ဒေါက်တာတင်ထွန်းဦးက အခုလိုရှင်းလင်းပြောဆိုပါတယ်။

"ဘာနိုင်ငံရေးပယောဂမှ မပါပါဘူး။ ပုဂ္ဂလိက ကိစ္စတွေ ကျနော်တို့ပယောဂတွေ ဖိအားတွေ ဘာမှမပါဘူး။ ကျနော်လည်း ဖြစ်တုန်းကတည်းက သိတောင်မသိဘူး၊ နောက်မှကျနော်တို့က သိရတယ်။ ကျနော်က တသက်လုံး သူများကို ဒုက္ခပေးပြီးတော့ သူများရဲ့နေရာဝင်ယူတဲ့ စိတ်ဓာတ်လုံးဝမရှိပါဘူး။ ကျနော့်ကိုယ်ကျနော် ရာနှုန်းပြည့်လိပ်ပြာလုံပါတယ်။ အတတ်နိုင်ဆုံး ရော့စ်ကို သက်သာရာ သက်သာကြောင်း၊ လွတ်ရာလွတ်ကြောင်း ဥပဒေဘောင်အတွင်းက ကျနော်လုပ်နိုင်တာလေးတွေ စွမ်းဆောင်နိုင်သလောက်လုပ်တယ်၊ ထောင်ဝင်စာတွေ့ပေးတယ်။"

လက်ရှိအခြေအနေမှာတော့ မြန်မာတိုင်းမ်ဂျာနယ်ကို ထုတ်ဝေနေတဲ့ မြန် မာကွန်ဆိုလီဒိတ်တက်မီဒီယာကုမ္ပဏီရဲ့ ပြည်တွင်းအစုရှယ်ယာ ၅၁ ရာခိုင်နှုန်းကို ဒေါက်တာတင်ထွန်းဦးနဲ့ဇနီး ဒေါက်တာခင်မိုးမိုးတို့ ပိုင်ဆိုင်ထားပြီး ကျန်တဲ့ (၄၉) ရာခိုင်နှုန်းကို ကမ္ဘောဒီးယားအခြေစိုက် ကွန်ဆိုလီဒိတ်တက် မီဒီယာ FECM က ပုဂ္ဂိုလ်တွေ ပိုင်ဆိုင်ကြတယ်လို့ ဒေါက်တာတင်ထွန်းဦးက အတည်ပြုပြောဆိုပါတယ်။ အဲ့ဒီထဲက မစ္စတာဒန်ကလေရဲ့ အဆုရှယ်ယာပမာဏကိုတော့ ပြောဆိုခြင်းမရှိပါဘူး။ မြန်မာတိုင်းဂျာနယ်ထုတ်ဝေတဲ့ မြန်မာကွန်ဆိုလီဒိတ်တက်မီဒီယာကို ၂၀၀၀ ပြည့်နှစ်မှာ စတင်တည်ထောင်ခဲ့ပြီး ဒီကုမ္ပဏီကနေမြန်မာတိုင်း(မ်) အပတ်စဉ်ဂျာနယ်ကို မြန်မာဘာသာနှင့် အင်္ဂလိပ်ဘာသာများအပြင် Crime Journal နှင့် NOW! အပတ်စဉ် မဂ္ဂဇင်းများကိုလည်း ထုတ်ဝေလျက်ရှိပြီး ဝန်ထမ်း ၃၅၀ ကျော်ရှိပါတယ်။

**စာမျက်နှာ ၄ မှ**

နောက်တကောင်ကတော့ "ဟဲန်ဒ်ဆမ်း"အမည်ရှိ ရွှေရောင်လာဘရာဒါ ခွေးလေးပါ။ ထွားပြီး ချစ်စရာကောင်းပါသည်။ သူ့သခင် အငြိမ်းစားပိုလ်မှူးကြီးထံမှ အထင်အရှားအမွေခံထားသကဲ့သို့ သက်ကြီးလောက၏ လောကွတ်ပျူငှာသော အသံဖြင့်ဆီးကြိုဆက်ဆံပါသည်။ သူ့သခင်မှာလည်း လူကြီးလူကောင်း နှင့်အရာရှိတဦး၏ပင်ကိုယ်အရည်အချင်းညဉ်ဖြင့် အများ၏ "ဦးလေးကြီး"အဖြစ် လူတိုင်း၏အချစ်တော်ဖြစ်နေခဲ့သူပါ။

"ဆေလာ"နှင့် "ဟဲန်ဒ်ဆမ်း"တို့ကို ကျွန်မ၏သူငယ်ချင်းများအဖြစ်အသိအမှတ်ပြုခဲ့သော်လည်း၊ ကျွန်မ၏အရေးပေါ်အဒေါ်၏အယ်ဇေးရှင်း "အင်မ်ပလီ"ကတော့ မိသားစုပါ။ ကျွန်မ ကုလသမဂ္ဂမှာ အလုပ်လုပ်စဉ် ကျွန်မတို့ ၃ ယောက် မဲန်ဟတ်တန်မှာ အတူနေခဲ့ကြပါသည်။

ခွေးများသည် သခင်များကိုအတုယူသည်ဟူသော ဆိုရိုးအတိုင်း အမှန်ပင် "အင်မ်ပလီ"၏သဘောထားသည် ကျွန်မအပေါ် အမိသဖွယ် ကာကွယ်စောင့်ရှောက်ပါသည်။ ကျွန်မအပြင်ထွက်၍ နောက်ကျနေလျှင် အပြစ်တင်မှုအနည်းဆုံးဖြင့် စိတ်ရှည်စွာစောင့်မျှော်နေတတ်ပါသည်။ သူ မသိသောလူများလာလျှင်လည်း ထိုသူများ ဆိုဖာခုံပေါ် ကျွန်မဘေးတွင် ဝင်မထိုင်မိစေရန်အသေအချာဂရုစိုက်တတ်ပါသည်။

၁၉၇၂ ခုနှစ် လက်ထပ်ပြီးပြီးခြင်း မိုက်ကယ်နှင့်ကျွန်မတို့ ဘူတန်တွင်နေထိုင်ရန်ရောက်ရှိချိန်တွင် ကျွန်မတို့၌ ကိုယ်ပိုင်ခွေးတကောင်ရရှိခဲ့ပါသည်။ သူသည် အဖြူနှင့်အညိုအရောင်စုပေါင်းထားသည့် ခွေးငယ်လေးအနေနှင့်ရောက်ရှိလာခဲ့ပါသည်။ သူကိုသင့်တော်သော နာမည်ပေးရန် စဉ်းစားရအလွန်ခက် ခဲ့ပါသည်။ နောင်လ ပေါင်းများစွာ အလေးအနက်စဉ်းစားပြီး နောက်ဆုံးမတော့ ရောက်ခါစက သူ့ကိုခေါ်ခဲ့သည့်"ပါပီ"ဟူသောအမည်ဟာ အသင့်တော်ဆုံးပဲလို့ ဆုံးဖြတ်ခဲ့ကြပါသည်။

သူငယ်လွန်းချိန်မှာတော့ ကျွန်မ၏လည်ပင်းကိုဖက်လျက်အိပ်ခဲ့ပါသည်။ မိုက်ကယ်၏ အိပ်ရာထဲစီး ဖိနပ်၏ အမွေးပွသည်းကြိုးများနှင့်လည်း မှန်မှန်နပန်းသတ်ခဲ့ပါသည်။

အရွယ်ရောက်လာတော့ ရာသီအလိုက် ခရီးသွားတကောင်ဖြစ်လာခဲ့ပါသည်။ ကမ္ဘာတခြမ်းခရီးထွက်ရာတွင် ကျွန်မတို့နှင့်အတူတကွ မြဲမြံခိုင်မာစွာအဖော်ပြုလိုက်ပါခဲ့ပါသည်။ ကျွန်မတို့၏ သားများလူ့လောက ရောက်လာတော့လည်း သူက အကျိုးပြုဆောင်ရွက်လျက် ပါးရေတွန့်မျက်လုံးများနှင့် စောင့်ကြည့်ထိန်း ကျောင်းပေးခဲ့ပါသည်။

ဂုဏ်သရေရှိ ခွေးအိုကြီးအနေနှင့် ကျွန်မတို့အောက်စဖို့ဒ်အိမ်ထောင်၏အမှတ်အသားအဖြစ် မိတ်ဆွေများနှင့်မိသားစုမှ ကောင်းစွာအကျွမ်းဝင်သိရှိကြခဲ့ပါသည် (လေးစားခံရသည်ဟု ကျွန်မထင်မြင်ပါသည်)။ "ပါပီ" သည် အသက်မှည့်ရွှဲသော ၁၉ နှစ်သားတွင် သေဆုံးသွားခဲ့ပါသည်။ ထိုအချိန်တွင် ကျွန်မလည်း မြန်မာနိုင်ငံမှာ အကျယ်ချုပ်အချခံနေရပါသည်။

# လောင်စာဆီဈေးကြောင့် မြန်မာနိုင်ငံတဝန်း ခရီးသွားလုပ်ငန်းများထိခိုက်

**VOA । မတ်လ ၆ ။** ။ ကမ္ဘာ့ရေနံဈေးနဲ့အညီ မြန်မာပြည်တွင်းက လောင်စာဆီ ဈေးနှုန်းတွေလည်း လိုက်ပြီး မြင့်တက်လာတာကြောင့် ခရီးသွားလုပ်ငန်းနဲ့ သယ်ယူပို့ဆောင်ရေးလုပ်ငန်းတွေကို တိုက်ရိုက် ထိခိုက်စေတယ်လို့ခရီးသွားလုပ်ငန်းရှင်တွေက ပြောပါတယ်။မြင့်တက်လာတဲ့ ရေနံဈေးနဲ့အတူ ပြည်တွင်းမှာ ဓာတ်ဆီ၊ ဒီဇယ်ကလည်းလိုသလောက် ဝယ်ယူမရတာကြောင့် သွားရေးလာရေးမှာလည်းအခက်အခဲတွေရှိနေကြရတယ်လို့ ဒေသခံတွေက ပြောကြပါတယ်။ လောင်စာဆီဈေးမြင့်တက်လာတာကြောင့် ပြည်တွင်း စီးပွားရေး၊ လူမှုရေးတွေမှာ ထိခိုက်နေကြရတာတွေကို မသီဂီထိုက်က စုစည်းတင်ပြထားပါတယ်။

ကမ္ဘာ့ လောင်စာဆီဈေးနှုန်းက ပြီးခဲ့တဲ့ သီတင်းပတ်က ၂နှစ်အတွင်း အမြင့်ဆုံးဈေးအဖြစ် စံချိန်တင်မြင့်တက်သွားပါတယ်။ ဒီအတွက်ကြောင့်ကမ္ဘာတလွှားက ခရီးသွားလုပ်ငန်းတွေနဲ့သယ်ယူပို့ဆောင်ရေး လုပ်ငန်းတွေ အခက်အခဲတွေ ကြုံတွေ့နေကြရပါတယ်။

မြန်မာပြည်တွင်းမှာလည်း လေယာဉ်လက်မှတ်တွေ ၁၀ ဒေါ်လာကနေ ဒေါ်လာ ၂၀ လောက်အထိ တက်သွားခဲ့ပါတယ်။ ဒါ့အပြင် ခရီးသွားလုပ်ငန်းအတွင်း ခရီးသည်တင် ကားတွေလည်း မူလဈေးနှုန်းထက် ၁၀% ကနေ ၂၀% အထိ တက်သွားခဲ့တယ်လို့ ပြည်တွင်းခရီးသွားလုပ်ငန်းတာဝန်ခံတဦးက ပြောပါတယ်။

"အခုကတော့ Fuel Surcharge တွေကတော့ အထိုက်အလျောက်ရှိနေပါတယ်။ Average အားဖြင့် ၁၀ ဒေါ်လာ၊ ဒေါ်လာ ၂၀ပေါ့။ Prepaid Tour တွေကျတော့ ကျနော်တို့က ထပ်ပြီးတောင်းလို့မရဘူး။ တောင်းလို့မရတော့ ကျနော်တို့ Serviceရတဲ့အထဲကပဲပေးရတာတွေ၊ တချို့ကိစ္စတွေကျရင်လည်း အရှုံးခံလုပ်ရတာတွေလည်းရှိတာပေါ့။ ဒါပေမဲ့ နောက် Term အတွက်တော့ လေယာဉ်လက်မှတ်ခတွေ စောစောထွက်လာရင်တော့ ကျနော်တို့က ကြိုတင်ပြီးတော့ ပြန်ရောင်းလို့ရတာပေါ့။ မထွက်ရင်တော့ ကျနော်တို့ လုပ်ရကိုင်ရတာခက်တာပေါ့။ အခုဟာ High Season Tourists တွေက အကုန်မထွက်သေးဘူးဖြစ်နေတာပေါ့။ Airline တွေကလည်း အခြေအနေစောင့်ကြည့်နေတဲ့သဘောရှိတာပေါ့။"

ကားခ၊လေယာဉ်လက်မှတ်ခတွေနဲ့အတူတခြားစရိတ်စကတွေပါ လိုက်ပါမြင့်တက်လာတာပါ။ အစားအသောက် ဈေးနှုန်း၊ ဟိုတယ်စရိတ်စတာတွေပါ လိုက်ပါမြင့်တက်လာတဲ့အတွက် အခုလောင်စာဆီဈေးနှုန်းတွေ မြင့်တက်လာမှုကြောင့် ခရီးသွားလုပ်ငန်းတွေကို တိုက်ရိုက် ထိခိုက်စေတယ်လို့ သူက ပြောပါတယ်။

"အခုဟာ လေယာဉ်လက်မှတ်တင် မကဘူး၊ Road Transport မှာလည်း ကားခတွေက ၁၀% ကနေ ၂၀% လောက်ထိ တက်တဲ့သဘောရှိပါတယ်။ ဆီဈေးတွေက တက်တော့။ အဲတော့ အဲဒါက ပိုဆိုးပါတယ်။ Food Cost တွေလည်း တက်လာနိုင်တာပေါ့၊ Transport တက်တဲ့အတွက်ကြောင့်။ အဲတော့ စားသောက်စရိတ်တွေလည်း တက်လာနိုင်တယ်။ ကျနော်တို့ Tourism မှာတော့ ဒီဟာတွေက Direct Impact တော့ ဖြစ်လာမယ်ပေါ့။"

လောင်စာဆီဈေးနှုန်းကြောင့် စီးပွားရေးလုပ်ငန်းတွေ ထိခိုက်ရသလို ပြည်တွင်း သွားလာရေးမှာလည်း အခက်အခဲတွေရှိနေပါတယ်။ အစိုးရနဲ့ ပုဂ္ဂလိက ဓာတ်ဆီ အရောင်းဆိုင်တွေကနေ ရောင်းချပေးနေတဲ့ဈေးထက် ၂ ဆနီးပါးနဲ့ပြင်ပလောင်စာဆီ ဈေးကွက်မှာ အရောင်းအဝယ်ဖြစ်နေပါတယ်။ လောင်စာဆီဈေးနှုန်းတွေ မြင့်တက်လာတဲ့တချိန်၏တည်း မှာပဲတရားဝင်လောင်စာဆီ အရောင်းဆိုင်တွေကလည်းကားတစီးကို ရောင်းချပေးတဲ့ ခွဲတမ်းကို လျှော့ချလိုက်ပါတယ်။

ကားတစီးအတွက် တရက်ကို ဓာတ်ဆီ၊ ဒီဇယ် ၂ ဂါလံနှုန်းရောင်းချပေးပါတယ် ဆိုပေမဲ့ ဒီလို ဝယ်ယူရရှိနိုင်ဖို့ ၇ နာရီလောက် အချိန်ပေးစောင့်ဆိုင်းတန်းစီကြရတယ်လို့မန္တလေးဒေသခံတဦးကပြောပါတယ်။

"ဆိုင်တဆိုင်ကို အနည်းဆုံး ကားအစီး ၂၀၀ ဝန်းကျင်လောက်ကို ရှိတယ်ဗျ။ ဆိုင်တွေကလည်း ၁၀၀ ကျော်လောက်ရှိနေပြီ။ ၅ နာရီလောက်က စီတာ နေ့လယ် ၁၂ နာရီ ၁ ချက်လောက်မှရတာ။ အခုကတော့ မတက်သေးဘူးပေါ့၊ ကုမ္ပဏီက ၂,၅၀၀ နဲ့ ရောင်းနေသေးတာပေါ့။ ဒါပေမဲ့ ဆီရဖို့က သိပ်ခက်သွားပြီ။ အခု လမ်းပေါ်မှာလည်း ဆီရောင်းခွင့် မပေးတော့ဘူး။ အရင်တုန်းကတော့ လမ်းပေါ်မှာ ရေသန့်ဘူးလေးနဲ့ရောင်းတော့ ဆိုင်ကယ်သွားရင် ဟိုနားဒီနား ဆီပြတ်ရင်ထည့်လို့ လွယ်တာပေါ့ဗျာ။ အခုတော့ စည်ပင်သာယာရ ဖမ်းမယ်ဆီးမယ် လို့ကြေညာလိုက်တော့ အဲဒီဆီဆိုင်ပါ ပျောက်သွားလို့ ကျနော်တို့ ဆိုင်ကယ်တွေက လမ်းမှာ ဆီပြတ်ရင်တောင်ဆီရှာရ ခက်သွားတာပေါ့။"

မန္တလေးမြို့မှာတော့ အရင်က ကားတစီးအတွက် ဆီ ၈ ဂါလံ ရောင်းချပေးနေတာကို အခု ၆ ဂါလံပဲ ရောင်းချပေးတော့တာ ဖြစ်ပါတယ်။ စစ်ကိုင်းမြို့မှာဆိုရင်တော့ အရင် ကားတစီး ၄ ဂါလံ ရောင်းချပေးနေရာက အခု ၂ ဂါလံပဲ ရောင်းချပေးတော့တာဖြစ်ပါတယ်။

လက်ရှိ အစိုးရနဲ့ ပုဂ္ဂလိက လောင်စာဆီ အရောင်းဆိုင်တွေက ဓာတ်ဆီတဂါလံ ၂,၅၀၀ ကျပ်နှုန်းနဲ့ ရောင်းချပေးနေတာ ဖြစ်ပါတယ်။ ပြင်ပ တရားမဝင် ဈေးကွက်မှာတော့ ဓာတ်ဆီတဂါလံ ၄,၀၀၀ ကျပ်နှုန်းနဲ့ ဒီဇယ်ဆီ တဂါလံကို ၄,၈၀၀ ကျပ်နှုန်း ရောင်းချနေကြတာ ဖြစ်ပါတယ်။ ဒါပေမဲ့ တရားမဝင် ဈေးကွက်မှာလည်း လောင်စာဆီလိုသလောက်မရတဲ့ အနေအထားမှာ ရှိနေတယ်လို့ ဒေသခံတွေက ပြောကြပါတယ်။

စစ်အစိုးရက လောင်စာဆီဈေးကို ၂၀၀၅ ခုနှစ်က တဂါလံ ၁၆၀ ကျပ်ကနေ ၁,၅၀၀ ကျပ်ကို ရုတ်တရက် ဈေးနှုန်း တိုးမြှင့်လိုက်ပါတယ်။ ၂၀၀၇ ခုနှစ်မှာတော့ တဂါလန် ၁,၅၀၀ ကျပ်ကနေ ၃,၀၀၀ ကျပ်ကို တရားဝင် မကြေညာဘဲ ဈေးနှုန်းမြှင့်လိုက်တဲ့အတွက် ပြည်တွင်းခရီးသွားလာရေးနဲ့ သယ်ယူပို့ဆောင်ရေးမှာ အခက်အခဲတွေနဲ့ကြုံခဲ့ကြ ရပြီးတော့ လောင်စာဆီဈေးနှုန်းကျဆင်းရေး တောင်းဆို ဆန္ဒပြပွဲတွေနဲ့ နောက်ဆက်တွဲ ရွှေဝါရောင်သံဃာ့လှုပ်ရှားမှု တရပ်လည်း ပေါ်ပေါက်ခဲ့ဖူးပါတယ်။

# တိုင်းပြည်အတွက် အရေးကြီးတဲ့အချိန်မှာ ညီညွတ်ကြဖို့ ဒေါ်စုတိုက်တွန်း

**VOA ၊ မတ်လ ၆ ။** ။ မြန်မာနိုင်ငံဟာ အရေးကြီးတဲ့ လမ်းဆုံလမ်းခွကို ရောက်နေတာမို့ အားလုံးဟာ ခိုင်မာတဲ့ တာဝန်ယူမှုနဲ့အတူ ညီညွတ်ဖို့ လိုအပ်တယ်လို့ ဒီမိုကရေစီခေါင်းဆောင်ဒေါ်အောင်ဆန်းစုကြည်က တိုက်တွန်းလိုက်ပါတယ်။ မှန်ကန်တဲ့ပြောင်းလဲမှုကို ရဖို့တောင်းဆိုနေရုံနဲ့မပြီးဘဲ တိုးတက်မှုရှိအောင်ပါ လုပ်ဆောင်ဖို့လိုတယ်လို့လည်း ပြောကြားပါတယ်။ အမေရိကန်နိုင်ငံ အင်ဒီးယားနားပြည်နယ် ဖို့ဝိန်းမြို့မှာပြုလုပ်တဲ့ နိုင်ငံတကာရောက် မြန်မာ့ဒီမိုကရေစီအင်အားစုတွေရဲ့ ညီလာခံအတွက် ပြောကြားတဲ့အမှာစကားမှာ အခုလိုတိုက် တွန်းခဲ့တာပါ။ အပြည့်အစုံကို မသင်းသီရိကတင်ပြပေးထားပါတယ်။

မြန်မာနိုင်ငံမှာ စစ်မှန်တဲ့ ပြောင်းလဲမှုတွေရဖို့၊ တောင်းဆိုမှုတွေ တိုးတက်လာဖို့အတွက် အားလုံးဟာ ညီညွတ်ဖို့လိုတယ်ဆိုတဲ့ အချက်ကို မြန်မာ့ဒီမိုကရေစီခေါင်းဆောင်ဒေါ်အောင်ဆန်းစုကြည်က အင်ဒီးယားနားပြည်နယ် ဖို့ဝိန်းမြို့မှာပြုလုပ်တဲ့ မြန်မာ့ဒီမိုကရေစီအင်အားစုတွေရဲ့ညီလာခံမှာ အဓိကတိုက်တွန်းခဲ့တာပါ။ မတ်လ ၅ ရက်နေ့ကနေ ၆ ရက်နေ့ထိ ၂ ရက်ကြာ ဖို့ဝိန်းမှာ ပြုလုပ်တဲ့နိုင်ငံတကာရောက် မြန်မာ့ဒီမိုကရေစီအင်အားစုတွေရဲ့ညီလာခံကိုဒေါ်အောင်ဆန်းစုကြည်က ဗွီဒီယိုအခွေနဲ့ သူ့ရဲ့နှုတ်ဆက် အမှာစကားအတွင်း အခုလိုတိုက်တွန်းခဲ့ပါတယ်။

"မြန်မာနိုင်ငံရဲ့အခြေအနေဟာ အခုအချိန်မှာ အရေးကြီးတဲ့ လမ်းဆုံလမ်းခွကို ရောက်နေပါတယ်။ မြန်မာနိုင်ငံမှာ ဒီမိုကရေစီစနစ်တရပ် ပွင့်လင်းလာပြီဆိုတဲ့အမြင်တွေရှိနိုင်သလို စစ်မှန်တဲ့ လုပ်ရပ်တွေပေါ်မှာ ပွင့်လင်းမှုမရှိသူတွေနဲ့ လှည့်ဖြားသူတွေက တားဆီးဖို့လိုတယ်ဆိုတဲ့ ယုံကြည်မှုတွေနဲ့အမြင်တွေလည်း ရှိနိုင်ပါတယ်။ ဒီတော့ ဒီလို အခြေအနေတွေ အမျိုးမျိုးအပေါ်မှာ ကျမတို့အားလုံးဟာ သတိရှိရှိ၊ တာဝန်ယူမှု အပြည့်နဲ့ အမှန်တရားအတွက် မြင်နိုင်ရပါမယ်။ အမှန်တရားအတွက် ကြိုးစားရပါမယ်။" လို့ ဒေါ်အောင်ဆန်းစုကြည်က ပြောသွားပါတယ်။

အမေရိကန်ပြည်ထောင်စု အင်ဒီယားနားပြည်နယ် ဖို့ဝိန်းမြို့မှာ ၂ ရက်ကြာ ကျင်းပနေတဲ့ ဒီမိုကရေစီအင်အားစုတွေရဲ့ အစည်းအဝေးအတွင်းမှာ လက်ရှိမြန်မာနိုင်ငံရဲ့ နိုင်ငံရေးအခြေအနေတွေအပြင် အမေရိကန်အစိုးရရဲ့ မြန်မာ့အရေးအပေါ် လုပ်ဆောင်ချက်၊ တခါနိုင်ငံတကာရဲ့ဖိအားပေးမှုတွေဘယ်လိုရအောင် လုပ်ကြမလဲဆိုတဲ့အကြောင်း အရာတွေကိုပါ ဆွေးနွေးဖို့စီစဉ်ထားကြပါတယ်။ ဒီလိုပြည်တွင်းပြည်ပမြန်မာ့အရေးဆွေးနွေးမှုတွေမှာ တိုးတက်တဲ့အပြောင်းအလဲတွေနဲ့အတူ အောင်မြင်မှုတွေရဖို့အတွက် ညီညွတ်ကြဖို့ အရေးကြီးတယ်လို့လည်း ဒေါ်အောင်ဆန်းစုကြည်က တိုက်တွန်းပါတယ်။

"မြန်မာနိုင်ငံအခြေအနေတွေနဲ့ ပတ်သက်လို့ မတူကွဲပြားတဲ့ အမြင်တွေ အမျိုးမျိုးရှိနိုင်ပေမဲ့ ညီညွတ်ရေးဟာ အားလုံးအတွက် အခုအချိန်မှာ အရေးကြီးပါတယ်။" လို့ ဒေါ်အောင်ဆန်းစုကြည်က ပြောသွားတာပါ။

ညီညွတ်မှုအားပိုကောင်းလေလေ တိုးတက်တဲ့ ပြောင်းလဲမှုတွေကို အလျှင်အမြန်ရမှာဖြစ်သလို မတူကွဲပြားတဲ့ အမြင်တွေနဲ့လှုပ်ရှားမှုတွေအားလုံးရဲ့ နောက်ဆုံးကြိုးပမ်းချက်ဟာ မြန်မာနိုင်ငံဒီမိုကရေစီရရှိရေးဆိုတဲ့အမြင် တသားတည်း ဖြစ်သင့်တဲ့အတွက် ညီညွတ်ကြဖို့ကိုလည်း အဓိကပြောသွားပါတယ်။ အသစ်အဆန်းမဟုတ်တဲ့ စကားတခုကိုထပ်ပြောရရင် အောင်မြင်မှုတွေရဖို့ ညီညွတ်မှုလိုသလို ညီညွတ်မှုမရှိရင်အောင်မြင်မှုဆိုတာ အလှမ်းဝေးနေမှာပဲ လို့လည်းပြောပါတယ်။

"အပြောင်းအလဲကိုလိုချင်ရင် အပြောင်းအလဲ ဖြစ်လာအောင် လုပ်ဖို့လိုပါတယ်။ တိုးတက်မှုရှိအောင် မလုပ်နိုင်ဘူးဆိုရင် လိုချင်တဲ့ အပြောင်းအလဲလည်း ဖြစ်လာမှာမဟုတ်ပါဘူး။ မှန်ကန်တဲ့ တိုးတက်မှုတွေရဖို့ တောင်းဆိုရုံသက်သက်မဟုတ်ဘဲ တိုးတက်မှုတွေရအောင် လုပ်ဖို့လိုတယ်။" လို့ ဒေါ်အောင်ဆန်းစုကြည်က ဆိုပါတယ်။

မြန်မာ့အရေးအတွက် ကြိုးပမ်းလာကြတာ ဆယ်စုနှစ်နဲ့ချီ ကြာလာပြီ ဖြစ်ပေမဲ့ ဖွဲမလျှော့ကြဖို့နဲ့ တာဝန်ယူမှုတွေနဲ့ အတူ ကြိုးစားလုပ်ဆောင်ကြဖို့ကိုလည်း တိုက်တွန်းခဲ့သလို ဒီညီလာခံအတွင်းမြန်မာနိုင်ငံအတွက် သူနဲ့အတူ ရပ်တည်နေကြသူ အားလုံးကိုလည်း ကျေးဇူးတင်ကြောင်း ဒေါ်အောင်ဆန်းစုကြည်ကသူ့ရဲ့နှုတ်ဆက်စကားထဲမှာထည့်သွင်း ပြောကြားခဲ့ပါတယ်။

ဒီအစည်းအဝေး အခမ်းအနားအတွင်းမှာ မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ရဲ့ နှုတ်ဆက် အမှာစကားနဲ့အတူ NLD ပါတီထိပ်တန်းခေါင်းဆောင် သတင်းစာဆရာကြီး ဦးဝင်းတင်ရဲ့ နှုတ် ဆက်စကား ဗွီဒီယိုအခွေကို ဒီညီလာခံအတွင်း ပြသခဲ့ပါတယ်။

---

# သမ္မတအသုံးစရိတ် ပြည်သူကျခံရမည်

**DVB ၊ မတ်လ ၇ ။** ။ နိုင်ငံတော် သမ္မတအဖြစ် တာဝန်ယူမယ့်ပုဂ္ဂိုလ်ဟာ လစာငွေ ကျပ်သိန်း ၅၀ အပြင် ရေခ၊ မီးခနဲ့ တယ်လီဖုန်းခတွေ အခမဲ့ သုံးစွဲခွင့်ရမှာဖြစ်ပြီး သူနဲ့ သူ့ မိသားစုရဲ့ အသုံးစရိတ်တွေကိုတော့ ပြည်သူလူထုကကျခံရမှာဖြစ်တယ်လို့ စစ်အစိုးရထုတ်ပြန်တဲ့ ပြန်တမ်းအရ သိရပါတယ်။

ဖေဖော်ဝါရီလ ၁၁ ရက်နေ့စွဲနဲ့ ထုတ်ပြန်တဲ့ ပြန်တမ်းမှာ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များရဲ့ချီးမြှင့်ငွေစရိတ်နဲ့ အဆောင်အယောင်များဆိုင်ရာဥပဒေအမှတ် ၂/၂၀၁၁ မှာ ခုလိုရေးသားထားတာဖြစ်ပြီး အဲဒီဥပဒေကိုတော့ ပထမအကြိမ် လွှတ်တော်အစည်းအဝေးတွေမစခင် ဇန်နဝါရီ လ ၁၀ ရက်ကတည်းက ဗိုလ်ချုပ်မှူးကြီးသန်းရွှေအမိန့်နဲ့ အတည်ပြုပြဋ္ဌာန်းထားတာဖြစ်ပါတယ်။ ဒီဥပဒေအရပြည်သူလူထုကျခံရမယ့် အသုံးစရိတ်တွေထဲမှာ သမ္မတနဲ့ သမ္မတကတော်အတွက် နှစ်စဉ်ဝတ်စုံစရိတ်၊ ပြည်တွင်း ပြည်ပခရီးသွားလာစရိတ်၊သမ္မတနဲ့ သမ္မတမိသားစုအတွက် ပြည်တွင်း ပြည်ပဆေးကုသစရိတ်တွေပါဝင်ပါတယ်။

သမ္မတကိုပေးမယ့် အဆောင်အယောင်တွေထဲမှာ သမ္မတအိမ်တော်ဝန်း၊ အိမ်တော်ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ ၊ ကိုယ်ရံတော် ၂ ဦး၊ ကိုယ်ရေးအရာရှိ ၂ ဦး၊ ရေမီးနဲ့ တယ်လီဖုန်း အခမဲ့သုံးစွဲခွင့်၊ ကား ၆ စီး၊ အဲဒီကား ၆ စီးအတွက် စက်သုံးဆီ၊ ချော်ဆီနဲ့ယာဉ်မောင်း ၆ ယောက်တို့ ပါဝင်ပါတယ်။ သမ္မတအတွက် လစာချီးမြှင့်ငွေကတော့ တလကျပ်သိန်း ၅၀ နဲ့ ဒုသမ္မတအတွက်က ကျပ်ငွေသိန်း ၄၀ ဖြစ်ပါတယ်။ နိုင်ငံခေါင်းဆောင်တွေအတွက် သုံးစွဲငွေ လွန်ကဲစွာချထားတဲ့အပေါ် ဝါရင့်နိုင်ငံရေးသမားကြီးသခင်ချန်ထွန်း အခုလိုဝေဖန်ပြောဆိုပါတယ်။

"အမှန်ကတော့ လွန်ကဲလွန်းအားကြီးတယ်လို့ ပြောရမယ်။ သတ်မှတ်

**စာမျက်နှာ ၈ သို့**

# မြန်မာနိုင်ငံမှာ ဥပဒေမဲ့ ဖမ်းဆီးမှု ကုလသမဂ္ဂ မှတ်တမ်းတင်မှု အားနည်း

**VOA ၊ မတ်လ ၇ ။** ။ တရားမဲ့ ဖမ်းဆီးထိန်းသိမ်းခံရမှု ဆိုင်ရာ ကုလသမဂ္ဂအလုပ်အဖွဲ့က အခုကျင်းပနေတဲ့ ၁၆ ကြိမ်မြောက် လူ့အခွင့်အရေးညီလာခံကို အစီရင်ခံစာ တင်သွင်းရာမှာ မြန်မာနိုင်ငံတွင်းက နိုင်ငံရေး အကျဉ်းသားအချို့ စာရင်းလည်း ပါဝင်ပါတယ်။ မြန်မာနိုင်ငံက အကျဉ်းထောင်တွေထဲ နိုင်ငံရေးအကျဉ်းသား ၂,၀၀၀ ကျော်ထဲကမှ ဘယ်လိုသတ်မှတ်ချက်မျိုး၊ ဘယ်လို အခြေအနေမျိုးကြောင့် ဒီစာရင်းထဲမှာ တချို့ပဲ ပါဝင်နေသလဲဆိုတာကိုတော့ ကိုသားညွှန့်ဦးက စုံစမ်းမေးမြန်းပြီး တင်ပြပေးထားပါတယ်။

တရားမဲ့ ဖမ်းဆီးထိန်းသိမ်းခံရမှုဆိုင်ရာ ကုလသမဂ္ဂအလုပ်အဖွဲ့အနေနဲ့ ပြီးခဲ့တဲ့နှစ် ဇန်နဝါရီလကနေ နိုဝင်ဘာလအထိ နိုင်ငံပေါင်း ၂၃ နိုင်ငံက တရားမဲ့ ဖမ်းဆီးချုပ်နှောင်ခံရသူ ၉၈ ဦးကိုစာရင်းပြုစုတင်ပြခဲ့ရာမှာ မြန်မာနိုင်ငံက ၅ ဦး ပါဝင်ပါတယ်။ မြန်မာ့ ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်၊ ၉၀ ခုနှစ် ရွေးကောက်ခံအမတ် ၂ ဦးဖြစ်တဲ့ ဒေါက်တာတင်မင်းထွဋ်နဲ့ ဦးညီပု၊အမေရိကန်နိုင်ငံသား ကျော်ဇောလွင် ခေါ် ကိုညီညီအောင်နဲ့ ၈၈ မျိုးဆက် ကျောင်းသားခေါင်းဆောင်ကိုမြအေးတို့ ဖြစ်ကြပါတယ်။ ၉၈ ဦး စာရင်းထဲက ၃ ဦးလွတ်မြောက်လာခဲ့တယ်လို့ တရားမဲ့ ဖမ်းဆီးထိန်း သိမ်းခံရမှုဆိုင်ရာ အလုပ်အဖွဲ့ခေါင်းဆောင် အယ်လ်ဟတ်ဒ်ဂျီ မာလစ်ခ် ဆိုး (El Hadji Malikc Sow) က လူ့အခွင့်အရေးကောင်စီကို အစီရင်ခံခဲ့ပါတယ်။

"ဥပဒေမဲ့ ဖမ်းဆီးထိန်းသိမ်းခံရတယ်လို့ အလုပ်အဖွဲ့ကနေ ထုတ် ပြန်ထားတဲ့ စာရင်းထဲက ၃ ဦး လွတ်မြောက်ခဲ့တဲ့ အပေါ်မှာတော့ ကြိုဆိုပါတယ်။ အီသီယိုးပီးယားနိုင်ငံက မဒမ်ဘာတူကန် မီဒက်ဆာ (Birtukan Mideksa)၊ မစ္စတာ သေဒီယို ငုယန်ဗန်လေး (Thadeus Nguyen Ven Lay) နဲ့ မြန်မာနိုင်ငံက ဒေါ်အောင်ဆန်းစုကြည်တို့ ဖြစ်ကြပါတယ်။"

တရားဥပဒေနဲ့ မညီညွတ်ဘဲ အတင်းအကျပ် ချုပ်နှောင်ခံရတဲ့ စာရင်းကိုပြုစုရာမှာတော့သက်ဆိုင်ရာနိုင်ငံတွေရဲ့တရားစီရင်ရေးစနစ် လွတ်လပ်မှု ဘယ်လောက်ရှိမရှိကိုလည်း ဆန်းစစ်ထားပါတယ်။ မြန်မာနိုင်ငံတွင်း နိုင်ငံရေးအကျဉ်းသား ၂,၀၀၀ ကျော်ထဲကမှ အခုအစီရင်ခံစာထဲမှာ ၅ ဦးပဲ ပါဝင်တဲ့ ကိစ္စကတော့ တရားရုံးဆိုင်ရာလိုအပ်တဲ့ အထောက်အထားတွေနဲ့ မိသားစုဝင်တွေရဲ့ စနစ်တကျတိုင်ကြားမှု အားနည်းတာကြောင့်လို့ ALRC အာရှဒေသ ဥပဒေရေးရာအဖွဲ့က မြန်မာရှေ့နေ ကိုမင်းလွင်ဦးက ရှင်းပြပါတယ်။

"အဓိကထားကြည့်တာကတော့ မြန်မာနိုင်ငံရဲ့ တရားစီရင်ရေး စနစ်မှာ ပြဋ္ဌာန်းထားတဲ့ဥပဒေနဲ့အညီ စစ်ဆေးစီရင်ပြီး ပြစ်ဒဏ်ပေးတာမှာ။ အဲဒီလိုမှမဟုတ်ဘဲနဲ့ ဥပဒေနဲ့ မညီဘဲ စစ်ဆေးစီရင်ပြီးတော့ ပြစ်ဒဏ်တွေ ပေးထားတယ်ဆိုရင်တော့ သူတို့က Arbitrary Detention လို့ သတ်မှတ်ပြီးတော့ အရေးယူဆောင်ရွက်နေတာဖြစ်ပါတယ်။"

ဒီလူတွေကြည့်တဲ့အခါမှာပြည်တွင်းဥပဒေအရဥပဒေနဲ့ညီညွတ်တယ်ဆိုပြီးတော့ အစိုးရက အမိန့်ချခဲ့တာ မဟုတ်ဘူးလားခင်ဗျ။

"စစ်အစိုးရကတော့ ပြည်တွင်းမှာ ပြဋ္ဌာန်းထားတဲ့ ဥပဒေတွေကို ချိုးဖောက်လို့ အရေးယူအပြစ်ပေးထားရတယ်လို့ သူတို့အနေနဲ့ အမြဲတမ်း နိုင်ငံတကာကို ထုတ်ဖော်ပြောဆိုလေ့ရှိပါတယ်။ သို့သော်လည်း ဒီအမှုတွေကို စစ်ဆေးစီရင်တဲ့အခါမှာ ဥပဒေမှာ ပြဋ္ဌာန်းထားတဲ့ ပြဋ္ဌာန်းချက်တွေနဲ့အညီ စစ်ဆေးစီရင်ခြင်း ရှိမရှိဆိုတာကိုတော့ သူတို့အနေနဲ့ ထုတ်ပြန် ပြဋ္ဌာန်းခြင်းမရှိဘူး။

"ဒီအမှုတွေမှာ ဥပဒေနဲ့မညီ စစ်ရေးစီရင်ထားတယ်ဆိုတာတွေကို စီရင်ချက်တွေအရ၊ အမိန့်တွေအရ ပြစ်ဒဏ်တွေ ပေးထားတဲ့ဟာကို သူတို့ဥပဒေနဲ့ ကိုက်ညီမှုရှိမရှိသုံးသပ်ပြီးတဲ့ အခါမှာ သူတို့တွေ့ရှိတဲ့ တွေ့ရှိချက်တွေအပေါ်မှာ မူတည်ပြီးတော့ အခုလိုမျိုးဥပဒေမဲ့ ဖမ်းဆီးချုပ်နှောင်ထားတယ်လို့ သူတို့အနေနဲ့ ထုတ်ဖော် ပြောဆိုခြင်း ဖြစ်ပါတယ်။"

အခု ဥပဒေမဲ့ မြန်မာနိုင်ငံမှာ ဖမ်းဆီးချုပ်နှောင်ခံရတဲ့လူတွေ စာရင်းကို ထုတ်ပြန်ရာမှာ နိုင်ငံရေးအကျဉ်းသား တော်တော်များများ မတွေ့ရပါဘူး။ မြန်မာနိုင်ငံမှာ တကယ်ဆို နိုင်ငံရေးအကျဉ်းသား ၂,၀၀၀ ကျော်ရှိပါတယ်။ အခုက သူတို့စာရင်းအရဆိုရင် ဆယ်ဂဏန်းလောက်ပဲ ရှိတဲ့အခါကျတော့ ဒါက ဘယ်လိုဖြစ်တာပါလဲ။

"တရားရုံးတွေရဲ့ မိတ္တူတွေ ရဖို့လိုတယ်။ ပြီးတော့ ကာယကံရှင်ကိုယ်တိုင်ကသော်လည်းကောင်း၊ ဒါမှမဟုတ် မိသားစုဝင်ကသော်လည်းကောင်း တင်ပြတိုင်တန်းတာတွေရှိမှသာ ဒါတွေကို ဆောင်ရွက်နိုင်မှာဖြစ်တယ်။ ကျနော်တို့ ရှစ်လေးလုံး ကျောင်းသားခေါင်းဆောင်တွေထဲက တချို့ပါတယ်၊ တချို့မပါဘူးဆိုတဲ့ ကိစ္စမှာလည်း ကိုမြအေးကတော့ သမီးဖြစ်သူက နေပြီးတော့ ဦးစီးဦးဆောင် လုပ်ပြီးတော့ တိုင်ကြားထားတဲ့အတွက် အခုလိုပါလာရတာဖြစ်တယ်။ ကျန်တဲ့ ရှစ်လေးလုံး ခေါင်းဆောင်တွေ ရှိပါသေးတယ်။ သူတို့ရဲ့ အမှုတွဲတွေက အမိန့်စီရင်ချက်နဲ့တကွရရှိလာခြင်း မရှိတဲ့အတွက် တင်ပြနိုင်ခြင်းမရှိသေးပါဘူး။"

ALRC က ရှေ့နေ ဦးမင်းလွင်ဦး ပြောပြသွားတာ ဖြစ်ပါတယ်။

ALRC အနေနဲ့လည်း မနေ့က လူ့အခွင့်အရေးကောင်စီ အစည်းအဝေးကို တင်ပြတဲ့အထဲ မြန်မာနိုင်ငံအပါအဝင် နိုင်ငံအချို့မှာရှိနေတဲ့ နှိပ်စက်ညှဉ်းပန်းမှုနဲ့ လူ့အခွင့်အရေး ကျူးလွန်တဲ့ အာဏာပိုင်အချို့ ဥပဒေကင်းလွတ်ခွင့်ရနေတဲ့အခြေအနေတွေကို ထောက်ပြခဲ့ပါတယ်။

---

**စာမျက်နှာ ၇ မှ**

ထားတဲ့ လစာနှုန်းထားတွေက။ ပြည်သူလူထုနဲ့ နှိုင်းဆပြီးတော့ လုပ်ရမှာပေါ့၊ ဈေးနှုန်းတွေက သိပ်တက်နေတယ်။ ဒို့ လစာတွေ ပိုယူမှာပဲဆိုပြီးတော့ ယူရင်လည်း တပြည်လုံးတညီတညွတ်တည်းပေါ့၊ မင်းစေကအစပေါ့။ အခုလည်းမင်းစေကစလည်း တက်တော့တက်တယ်။ ဒါပေမယ့် ဒီအခွန်တော်တွေကို ပြည်သူလူထုကနေဆောင်ရတာ။ ပြည်သူလူထုအနေနဲ့လည်း အခုက အကျပ်အတည်းများနဲ့ ရင်ဆိုင်နေရတဲ့အချိန်ကာလကြီးဖြစ်နေတယ်။ ဘာပဲပြောပြော သူတို့ ခေတ်သူတို့ကာလမှာတော့ ဒို့အာဏာရှိတယ်၊ ဒို့လုပ်ချင်ရာ လုပ်မယ်ဆိုတဲ့သဘောမျိုးနဲ့ဒါလွှတ်တော်တို့ ဘာတို့တင်စရာမလိုဘဲ မတင်ဘဲနဲ့ လွှတ်တော်မခေါ်ခင်ကို အမိန့်တွေ ထုတ်ပြန်တယ်ဆိုတော့ ဒါက ကြည့်လို့မလှဘူး။"

စစ်အစိုးရ ဥပဒေမှာတော့ ဖွဲ့စည်းပုံအခြေခံဥပဒေအရ တာဝန်ထမ်းဆောင်တဲ့ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်တွေကို နိုင်ငံတော်နှင့် နိုင်ငံသားတွေရဲ့အကျိုးကို သယ်ပိုးထမ်းဆောင်ရတဲ့ လုပ်ငန်းတာဝန်နှင့်လျော်ညီတဲ့ ချီးမြှင့်ငွေ စရိတ်နဲ့အဆောင်အယောင်တွေကို ချီးမြှင့်ဖို့ဒီဥပဒေကိုပြဋ္ဌာန်းတာဖြစ်တယ်လို ဖော်ပြပါရှိပါတယ်။




# သတင်းမှတ်တမ်း

**ဖေဖော်ဝါရီ ၂၅ | Irrawaddy ॥ ॥** အမတ် ၆၅၈ ဦးအား လွှတ်တော်အပြီးတွင် ဘောနပ်ငွေ ဖ သိန်းစီပေးခဲ့ကြောင်း။

**ဖေဖော်ဝါရီ ၂၅ | DVB ॥ ॥** ဘုရားသုံးဆူနှင့် ဇီးဖြူတောင်အကြား ပေါက်ကွဲမှုဖြစ်ပွားခဲ့ကြောင်း ဒေသခံများမှဆို၏။

**ဖေဖော်ဝါရီ ၂၅ | DVB ॥ ॥** ပခုက္ကူမြို့စာသင်တိုက်များကို အကာအကွယ်ယူ၍ ချဲထီများ ရောင်းချနေကြောင်း။

**ဖေဖော်ဝါရီ ၂၅ | DVB ॥ ॥**ပြည်ထောင်စုလွှတ်တော် ပြီးဆုံး၏။

**ဖေဖော်ဝါရီ ၂၅ | DVB ॥ ॥** ဒေါ်အောင်ဆန်းစုကြည်အား ကမ္ဘာ့အလုပ်သမားအဖွဲ့ ILO ညွှန်ချုပ်တွေ့ဆုံ၏။

**ဖေဖော်ဝါရီ ၂၅ | DVB ॥ ॥** အဲန်အဲလ်ဒီအဖွဲ့ ချုပ်အလုပ်အမှုဆောင်အဖွဲ့နှင့် ပြည်နယ်တိုင်းစည်းအဖွဲ့ မတ်လထဲတွေ့ဆုံဆွေးနွေးမည်။

**ဖေဖော်ဝါရီ ၂၅ | DVB ॥ ॥** ခလေး လူ့အခွင့်အရေးဆောင်ရွက်မှု နှောင့်နှေးကြောင်း လူ့အခွင့်အရေးအဖွဲ့ များမှ အိုင်အဲလ်အိုသို့ဆို၏။

**မတ် ၅ | MOSCOW ॥ ॥** မြန်မာသို့ ညတင်ဂျက် 148 100E သည် လေ့ကျင့်စဉ် မော်စကိုအနီး ပျက်ကျ၍ ရုရှ ၄ ဦး မြန်မာ ၂ ဦးသေဆုံး၏။

**မတ် ၆ | FORT WAYNE ॥ ॥** အမေရိကန်ပြည်တွင်းပြည်ပ မြန်မာဒီမိုကရေစီလှုပ်ရှားသူများသည် မြန်မာနိုင်ငံဒီမိုကရေစီရေးကို ၂ ရက်တာ ဆွေးနွေးပွဲကျင်းပခဲ့ရာ ဒေါ်အောင်ဆန်းစုကြည်နှင့်လည်း ဖုံးဖြင့် ဆက်သွယ်ဆွေးနွေးခဲ့၏။

**မတ် ၇ | UNGA ॥ ॥** မြန်မာနအဖအား လူသားအပေါ်ကျူးလွန်သော ပစ်မှုများ ကျူးလွန်ခဲ့မှုရှိမရှိ စုံစမ်းရန် ကုလသမဂ္ဂလုံခြုံရေးကောင်စီမှ စုံစမ်းစစ်ဆေးသင့်ကြောင်း ကုလလူ့အခွင့်အရေးပါရဂူ တောမတ်စ် ကင်တားနားမှ အထွေထွေညီလာခံကြီးတွင် နောက်တကြိမ် ထပ်မံအဆိုပြု၏။

**မတ် ၇ | Oakland Tribune ॥ ॥** ဒေါ်စုသည် San Fransisco ကမ်းခြေဒေသရှိ ဘာခလေတက္ကသိုလ်သင်တန်းသားများနှင့် ဖုံးအမေးအဖြေပြုခဲ့၏။

**မတ် ၇ | RGN-AP ॥ ॥** ဘိန်းခင်းများ၏ ဖ ပုံတပုံ ဖျက်ဆီးနိုင်ခဲ့သည်ဟု နအဖအာဏာပိုင်များမှ ဆို၏။

**မတ် ၇ | IRIN ॥ ॥** ချင်းပြည်နယ်တွင် လူ့အခွင့်အရေးဖေါက်ဖျက်မှုများနှင့် သူပုန်များအား နှိမ်နင်းမှုများကြောင့် ထိုဒေသများတွင် ကျန်းမာရေးဆုတ်ယုတ်မှု ကပ်ဖြစ်နေကြောင်း US အခြေစိုက် Physicians for Human Rights အဖွဲ့ မှဆို၏။

**မတ် ၇ | Sankei Newspaper TKY ॥ ॥** မင်းဘူးတွင် မြောက်ကိုးရီးယားသည် မြန်မာအား မြေပြင်မှ ဝေယင်ပစ် SCUD ဒုံးကျည်ကြီးများ ထုတ်လုပ်ရန် ကူညီနေကြောင်း အာဆီယံသတင်းအချို့မှဆို၏။

**မတ် ၇ | Irrawaddy ॥ ॥** ပါလီမန် ဧပြီလမတိုင်မီ အားလုံးပြီးဆုံးမည်ဖြစ်ပြီး နောက်မည်မျှကြာလျှင်ပြန်ခေါ်မည်ကို လွှတ်တော်အမတ်များ မသိရသေးကြောင်း။

**မတ် ၇ | DVB ॥ ॥** ရှမ်းပြည်တောင်ပိုင်းတွင် နအဖတပ်များသည် ဖြတ်လေးဖြတ်စနစ်ကျင့်သုံးနေ၍ ရွာသားများ အိမ်ရာစွန့်၍ နယ်စပ်ဖက်သို့ ပြေးနေရကြောင်း။

**မတ် ၇ | DVB ॥ ॥** ရခိုင်ပြည်နယ်တွင် နအဖတပ်နှင့်နယ်စပ်လုံခြုံရေးတပ်တို့ပူးပေါင်း၍ ရွာသားများအား သူပုန်သတင်းပေးဟုဆိုကာ နှိပ်စက်ခံနေကြောင်း။

**မတ် ၇ | DVB ॥ ॥** လစ်ဗျားသတင်းကို မြန်မာတွင် ပိတ်ထားကြောင်း။

**မတ် ၇ | DVB ॥ ॥**မိဘတဦးမှနိုင်ငံခြားသားမှတ်ပုံတင်ကိုင်ဆောင်သူဖြစ်၍ ကြံ့ဖွံ့ပါတီမှ ဒေါ်ချို့ယုံဦးနှင့်ဦးအုံ့ကြီးတို့သည် အမတ်နေရာမှ နုတ်ထွက်ခဲ့ရကြောင်း။

**မတ် ၈ | Australian ॥ ॥** မြန်မာဒီမိုကရေစီအင်အားစုများသည် အီဂျစ်စသည်တို့ကဲ့သို့ ပြည်သူနှင့်စစ်တပ်သည် အဆက်အသွယ်ရှိလက်တွဲနိုင်ရန် နည်းပျူဟာလိုသည်။

**မတ် ၈ | Star Tribune ॥ ॥** ဂျဟိုးဘာရူးတွင် မူးယစ်ဆေးနှင့်ပတ်သက်သည့်အမှုမှ ခင်ပွန်းအားလွှတ်ရန် ရဲအားလာဘ်ပေး၍ မြန်မာအမျိုးသမီးအဖမ်းခံရ၏။

**မတ် ၈ | BEIJING ॥ ॥** နှောင့်နှေးနေသည့် တရုတ်–မြန်မာရထားလမ်းကို ယခုနှစ်တွင် စတင်ဆောက်မည်ဟု တရုတ်မှဆို၏။

**မတ် ၈ | Irrawaddy ॥ ॥** အာဏာရှင်ဖြုတ်ချရေး လှုပ်ရှားမှုအရှိန်မြင့်လာ၍ နအဖသည် စုံထောက်အဖွဲ့တိုးခြင်း ပိုမိုတင်းကျပ်ခြင်းများပြုနေ၏။

**မတ် ၈ | Mizzima ॥ ॥**နအဖသည် ကျားမအဆင့်ခွဲခြားပြီး လူနည်းစုများအား အဓမ္မပြုကျင့်ခြင်းသည် အစိုးရမူတခုဖြစ်ကြောင်း ဖိုရာဖန်မှ ကမ္ဘာ့အမျိုးသမီးများနေ့တွင် သတင်းဝေဖန်၏။

**မတ် ၈ | Irrawaddy ॥ ॥** သက်သေများ၏အသံသည် စစ်တပ်ရန်ကြောက်၍ ထွက်ပြေးလာသူ မြန်မာနိုင်ငံရေးလှုပ်ရှားသူများ၏ ဘဝကို ရေးထားသည့် အိမ်ဟုခေါ်စရာမရှိ “Nowhere to be Home” စာအုပ်ကို ထုတ်ဝေခဲ့၏။

**မတ် ၈ | Irrawaddy ॥ ॥** အပြည်ပြည်ဆိုင်ရာ အကြိမ် ၁၀၀ မြောက် အမျိုးသမီးများနေ့တွင် ကျားမ မရွေးတန်းတူအခွင့်အရေးရရန် မြန်မာအမျိုးသမီးအဖွဲ့များမှ တောင်းဆို၏။

**မတ် ၈ | Irrawaddy ॥ ॥** အဲန်အဲလ်ဒီမှ နိုင်ငံရေးအကျဉ်းသား ၆၀၀ ခန့်အားကူညီရန် ယခုနှစ်လွှတ်လပ်ရေးနေ့အစီအစဉ်အရ ကူညီမည့် စပွန်စာ ၅၀၀ ခန့်ရပြီဖြစ်ကြောင်း၊ အေအေပီပီထုတ်ပြန်ချက်အရ မြန်မာတွင် အနည်းဆုံးနိုင်ငံရေးအကျဉ်းသား ၂၂၀၀ ကျော်ရှိ၏။

**မတ် ၁၀ | Canadian press ॥ ॥** မြန်မာနယ်စပ်အနီး တရုတ်ပြည်တွင် လျှောင်လှုပ်၍ အိမ်ခြေများပျက်စီးပြီး လူ ၂၀ သေဆုံး ၂၀၀ ကျော်ဒဏ်ရာရ၏။

**စာမျက်နှာ ၁၅ သို့**

# လယ်သမားပြဿနာ ကူညီရေး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဆွေးနွေး

**VOA । မတ်လ ၉ ॥** ॥ ရောဝတီတိုင်း အတွင်းမှာ လယ်ယာမြေ အသိမ်းခံရမှုတွေ ပိုများလာတာနဲ့ ပတ်သက်ပြီးတော့ NLD အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်က ပိုမိုကူညီဆောင်ရွက်ပေးဖို့ စီစဉ်နေပါတယ်။ တခါရောဝတီတိုင်းအတွင်းက ရေငန်ဒေသတွေမှာကြုံနေရတဲ့ သောက်သုံးရေရှားပါးမှုပြဿနာအပါအဝင် သဘာဝပတ်ဝန်းကျင်ပျက်စီးမှုအခြေအနေတွေကို မနေ့က NLD ဗဟိုအလုပ်အမှုဆောင် အဖွဲ့ဝင်တွေနဲ့ ရောဝတီတိုင်း NLD စည်းရုံးရေးမှူးတွေ တွေ့ဆုံဆွေးနွေးခဲ့ကြပါတယ်။ အပြည့်အစုံကို မသင်းသီရိက တင်ပြပေးထားပါတယ်။

မြန်မာနိုင်ငံရဲ့ ဆန်စပါးအဓိကထွက်ရာ ဒေသတခုဖြစ်တဲ့ ရောဝတီတိုင်းအတွင်းမှာ လယ်လုပ်သူတွေ လယ်ယာမြေအသိမ်းခံနေရတဲ့ ကိစ္စ ပိုများလာတာ၊ လယ်သမားတွေ ကြွေးမြီဒဏ်ပိနေတဲ့ ကိစ္စတွေမှာ NLD က ပိုပြီး ကူညီနိုင်ဖို့အတွက် NLD ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်တွေနဲ့ ရောဝတီတိုင်း NLD စည်းရုံးရေးမှူးတွေ တွေ့ဆုံဆွေးနွေးစဉ်အတွင်း အဓိကဆွေးနွေးခဲ့ကြပါတယ်။ ဒီပြဿနာတွေကို NLD ဥပဒေအထောက်အကူပြု အဖွဲ့က ILO ကမ္ဘာ့ အလုပ်သမားအဖွဲ့ချုပ်နဲ့ ပူးပေါင်းဖြေရှင်းသွားနိုင်ဖို့ စီစဉ်ထားတယ်လို့ NLD ပါတီရဲ့ ပြောခွင့်ရသူ ဦးအုန်းကြိုင်က ပြောပါတယ်။

"ကြိုတင် အသိပေးချက်လည်းမရှိ၊ နစ်နာကြေးတစုံတရာပေးဆောင်ခြင်းလည်းမရှိဘဲနဲ့ ရောဝတီတိုင်းဘက်မှာ လယ်သမားများထံက လယ်ယာမြေတွေကို အသိမ်းခံနေရတဲ့ကိစ္စတွေက တနေ့ထက်တနေ့များလာနေပါတယ်။ ILO နဲ့ ဆက်သွယ်ပြီး ကူညီဆောင်ရွက်ပေးနေတဲ့ ဗဟိုဥပဒေအထောက်အကူအဖွဲ့ဆိုတာရှိပါတယ်။ တင်ပြတဲ့ လယ်သမားတွေကို မနက်ဖြန်ဗဟိုဥပဒေအဖွဲ့ ဒုတိယဥက္ကဋ္ဌဦးတင်ဦးက သီးခြားထပ်ပြီး သူတို့နဲ့ Meeting လုပ်ပြီးတော့ ဘယ်လိုကူညီဆောင်ရွက်နိုင်မလဲဆိုတာ စီစဉ်ဖို့ ရှိပါတယ်။"

NLD ဗဟိုအလုပ်အမှုဆောင် အဖွဲ့ဝင်တွေနဲ့ တိုင်းနဲ့ပြည်နယ်က NLD စည်းရုံးရေးမှူးတွေ တွေ့ဆုံ ဆွေးနွေးပွဲကိုတော့ ပြီးခဲ့တဲ့ မတ်လ ၇ ရက်နေ့ကတည်းက ကျင်းပလာတာဖြစ်ပြီး ဒီနေ့ ရောဝတီတိုင်းအဖွဲ့နဲ့တွေ့တာဖြစ်ပါတယ်။ ဒီတွေ့ဆုံဆွေးနွေးမှုအတွင်းမှာ လယ်သမားတွေဟာ လယ်ယာမြေတွေ ဆုံးရှုံးသွားတဲ့အထိ ကြုံနေရတဲ့ကြွေးမြီကိစ္စတွေကိုလည်း ရောဝတီတိုင်းစည်းရုံးရေးမှူးတွေကတင်ပြခဲ့ကြပါတယ်။

"ကုမ္ပဏီတချို့၊ အဖွဲ့အစည်းတချို့က လယ်သမားများကို ထုတ်ချေးတဲ့ငွေကလည်း ပြန်ပေးဆပ်ရတဲ့အခါ အရစ်ကျစနစ် ဖြစ်ပေမဲ့ အသေအချာ စစ်ဆေးကြည့်တဲ့အခါ တချို့အဖွဲ့အစည်းတွေက ချေးတဲ့ အတိုးနှုန်းက ၃၆% လောက်အထိဖြစ်နေတယ်တဲ့။ အဲတော့ကြွေးမြီဒဏ်ပိနေတာ လယ်သမားတွေမှာ တနေ့ထက်တနေ့ ဒုက္ခရောက်နေတယ်။ အဲဒီကြားထဲမှာ ရာသီဥတုက ဖောက်ပြန်လို့ သီးနှံမထွက်တဲ့ အခါကျတော့ ငွေရှင်ရဲ့ဖိအားပေးတာကို လိုက်ပြီးလုပ်နေရတော့လယ်သမားတွေက မြေမဲ့ယာမဲ့ဘဝရောက်ကုန်တယ်။ တချို့လည်းပဲ ကိုယ့်တသက်လုံး အခြေချနေထိုင်လာခဲ့တဲ့ ရွာတွေကနေ ရွှေ့ပြောင်း ထွက်ပြေးရတဲ့အထိ ရှိနေပါတယ်။"

ရောဝတီတိုင်းအတွင်းမှာ ပူပြင်းတဲ့နွေရာသီ မရောက်ခင်ကတည်းက ကြုံနေရတဲ့ သောက်ရေရှားပါးမှုပြဿနာကိုလည်း ဖြေရှင်းပေးနိုင်ဖို့ စီစဉ်ခဲ့ကြပါတယ်။

"နာဂစ်ဒေသဘက်က သောက်ရေကန်တွေကို ရေငန်ဒေသတွေမှာသောက်ရေက အခုကတည်းကစပြီး ပြဿနာဖြစ်လာပြီတဲ့။ အဲတော့ အထွေထွေ အတွင်းရေးမှူးက ပြောပါတယ်၊ ရန်ပုံငွေရရှိ လာတာနဲ့အမျှ တိုးတက်ပြီး ဆောင်ရွက်ပေးပါ့မယ်တဲ့၊ လိုအပ်နေတာတွေ သိပါတယ်တဲ့၊ ဖြည့်ဆည်း ဆောင်ရွက်ပေးမှာပါတဲ့။"

ရောဝတီတိုင်းအတွင်းမှာ သဘာဝပတ်ဝန်းကျင် ပျက်စီးမှုကြုံနေရတဲ့ အခြေအနေတွေအပြင် ရောဝတီဒေသခံတွေရဲ့ နိုင်ငံရေးအပေါ် စိုးရိမ်ချက်၊ စီးပွားရေးသောကစတဲ့ အခြေအနေတွေ အပေါ်မှာလည်း ဆွေးနွေးခဲ့ကြပါတယ်။

"ဆည်တွေဆောက်၊ တမံတွေဆောက် လုပ်တဲ့အတွက်ကြောင့် တချို့နေရာတွေမှာ မြစ်ချောင်းတွေ တိမ်ကောမှု ဖြစ်ပြီးတော့သောက်ရေရှားပါးမှုပြဿနာတွေ ဖြစ်လာနေတယ်တဲ့။ တချို့နေရာတွေမှာ စက်ရုံတွေကနေပြီးတော့ ထုတ်လွှတ်တဲ့ ရေဆိုးတွေဟာ လယ်ယာမြေတွေထဲကို လျှောက်ပျံ့နှံ့ပြီးတော့ လယ်သမားတွေပါ အဲဒီဆိုးကျိုးတွေ ခံစားနေရတယ်။

"တချို့နေရာတွေမှာထွက်လာတဲ့ သဘာဝဆန်ထဲမှာ ဓာတုဗေဒအရောင်အသွေးမျိုးတွေ ဖြစ်လာတဲ့ အတွက်ကြောင့် လယ်သမားတွေ စိုးရိမ်နေတဲ့အကြောင်း၊ နောက်တချို့မြို့နယ်တွေမှာဆင်းရဲကျပ်တည်းလာရတဲ့အထိ လောင်းကစားဝိုင်းတွေကို တရားဝင်လို ခွင့်ပြုပေးထားတဲ့ အတွက်ကြောင့် စာရိတ္တပျက်ယွင်းမှုက တနေ့ထက်တနေ့ ဆိုးလာနေတယ်ဆိုတာ အဲဒီကိစ္စတွေတင်ပြတယ်။

"လစာတွေ ၃ ဆတိုးမယ်၊ ၄ ဆတိုးမယ်ဆိုတာကြောင့် ကုန်ဈေးနှုန်းတွေက အရင် တက်နေပါတယ်တဲ့။ ကုန်ဈေးနှုန်းတွေ တက်ပြီးတော့ လက်လုပ်လက်စားတွေက စိုးတထိတ်ထိတ်နဲ့နေထိုင်နေရပါတယ်၊ အဲဒါမျိုးတွေ တင်ပြသွားပါတယ်။"

NLD ပါတီရဲ့ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် ဦးအုန်းကြိုင်ပြောပြသွားတာဖြစ်ပါတယ်။ ဒီဆွေးနွေးမှုအတွင်းမှာ NLD ပါတီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ကတော့ ရောဝတီတိုင်း NLD စည်းရုံးရေးမှူးတွေနဲ့ ရောဝတီတိုင်း NLD ပါတီ လူငယ်တွေကြားမှာ ချိတ်ဆက်အားကောင်းကောင်းနဲ့အလုပ်ပိုလုပ်ကြဖို့ တိုက်တွန်းခဲ့ပါတယ်။

လူထုမှာ ထိတ်လန့်ကြောက်ရွံ့မှု ကြုံနေရတယ်ဆိုတဲ့ကိစ္စဟာ သက်ဆိုင်ရာရဲ့ ဖိအားပေးမှုဆိုတာထက် စိတ်ဓာတ်လှုပ်ရှားမှု အားနည်းလို့ အကြောက်တရား ကြီးစိုးနေတာမို့ အားလုံး အကြောက်တရားကင်းအောင် ဝိုင်းဝန်း ကြိုးစားကြဖို့ လိုသလို လူထုယုံကြည်လောက်တဲ့ အကျိုးပြုလုပ်ငန်းတွေလုပ်ပါမှ လူထုရဲ့ယုံကြည်ချက်ကို ရမယ်လို့လည်း ဒေါ်အောင်ဆန်းစုကြည်က တိုက်တွန်းခဲ့ပါတယ်။

မွန်၊ ကရင်၊ တနင်္သာရီတိုင်းက NLD စည်းရုံးရေးမှူးတွေနဲ့ NLD ဗဟိုအလုပ်အမှုဆောင် အဖွဲ့ဝင်တွေဟာ ဒီနေ့ရုံးချုပ်မှာတွေ့ဆုံဖို့ရှိပါတယ်။



# သတင်းတိုထွာဖတ်စရာ

## နိုင်ငံခြားသို့ ဆန်ပြန်ပို့မည်

ကုလသမဂ္ဂရဲ့စားနပ်ရိက္ခာအဖွဲ့FAO က မြန်မာနိုင်ငံမှာ လာမယ့်ဧပြီလကစပြီး စပါးအထွက်ပုံမှန်ပြန်လည်ဖြစ်လာမှာမို့ နိုင်ငံခြားသို့ဆန်တင်ပို့နိုင်လိမ့်မယ်လို့ဆိုပါတယ်။ ဘန်ကောက်မှာကျင်းပတဲ့ ကွန်ဖရင့်တခုမှာ မြန်မာနိုင်ငံက ကိုယ်စားလှယ်အဖွဲ့နဲ့တွေ့ဆုံခဲ့တဲ့ FAOရဲ့ဒေသဆိုင်ရာအကြီးအကဲကမြန်မာအာဏာပိုင်တွေအနေနဲ့နိုင်ငံခြားဆန်တင်ပို့မှုကို တားမြစ်လိမ့် မယ်လို့မထင်ဘူးလို့ဆိုပါတယ်။ မြန်မာနိုင်ငံတွင်းမှာ ဆန်ဈေးတက်လာတဲ့အတွက် ဖေဖော်ဝါရီလကုန်ကစပြီး နိုင်ငံခြားဆန်တင်ပို့မှုကို နအဖအာဏာပိုင်တွေကပိတ်ပင်ထားပါတယ်။ (BLOOMBERG, 10.3.2011)

## HIV/AIDS ဝေဒနာရှင်များပြားလာ

မြန်မာနိုင်ငံမှာHIV ဝေဒနာရှင် ၂၄၂၀၀၀ ရှိပြီး အဲဒီအထဲက ၂၀၀၀၀ လောက်ပဲ ဆေးသောက်သုံးဖို့ လက်ခံရရှိကြတယ်လို့ Global and Mail ရဲ့အဆိုအရ သိရပါတယ်။ မြန်မာနိုင်ငံရဲ့ ကျန်းမာရေးဆိုင်ရာအသုံးစရိတ်ဟာ ၂၀၀၈ ခုနှစ်မှာ နိုင်ငံရဲ့စုစုပေါင်းအသုံးစရိတ်ရဲ့ ၀.၃% ပဲရှိတယ်လို့ ကုလသမဂ္ဂရဲ့အဆိုအရ သိရပါတယ်။ ရန်ကုန်မှာရှိတဲ့ နိုင်ငံခြားသား ကယ်ဆယ်ရေးဆိုင်ရာဝန်ထမ်းတွေက အမျိုးသားအမျိုးသမီးအများစုဟာ နာမကျန်းဖြစ်လို့ ဆေးရုံဆေးခန်းတွေမှာပြသတဲ့ အချိန်ကျမှပဲ HIV ရောဂါပိုးရှိနေတယ်ဆိုတာသိကြရတယ်လို့ ဆိုပါတယ်။ (GLOBAL POST, 9.3.2011)

## မြေမြှုပ်မိုင်းသုံးတဲ့မြန်မာနိုင်ငံ

မြန်မာနိုင်ငံတွင်းမှာ စုစုပေါင်း လူတသောင်းနှစ်ထောင်လောက်ဟာ ခြေထောက်တွေဖြတ်ပစ်ခဲ့ကြရတယ်လို့ ကမ္ဘာ့ ကြက်ခြေနီအဖွဲ့ကဆိုပါတယ်။ အဲဒီအထဲမှာ အများစုကတော့မြေမြှုပ်မိုင်းဒဏ်ကြောင့်လို့သိရပါတယ်။ နအဖစစ်အာဏာ ရှင်တွေရော တိုင်းရင်းသားလူမျိုးလက်နက်ကိုင်တွေကပါ မြေမြှုပ်မိုင်းကို အသုံးပြုကြပါတယ်။ မြန်မာနိုင်ငံတွင်းမှာ စစ်ရေးနည်းလမ်းကိုသုံးပြီး ပြဿနာတွေကို ဖြေရှင်းဖို့ လုပ်ကိုင်ကြတဲ့အတွက် အခုလိုပြဿနာတွေရှိနေတာပါ။ MIZZIMA, 10.3.2011)

## အခြေခံဥပဒေနှင့်မညီညွတ်မှု

နအဖရဲ့ဝန်ကြီးချုပ်သိန်းစိန်ကို ၂၀၁၀ ရွေးကောက်ပွဲကအမတ်တွေနဲ့စစ်တပ်က သမတအဖြစ်ရွေးချယ်ခန့်အပ်ခဲ့ပြီးတဲ့ နောက်သမတသိန်းစိန်က ဝန်ကြီးအဖွဲ့ဝင်တွေကို အမည်စာရင်းတင်သွင်း ပြီးခန့်အပ်ခဲ့ပါတယ်။ နအဖရဲ့အခြေခံဥပဒေထဲမှာ ရွေးချယ်ခံသမတကကျမ်းသစ္စာကျိန်ဆိုပြီးမှ အစိုးရအဖွဲ့ဝင်ဝန်ကြီးတွေကို ခန့်အပ်ခွင့်ရှိတာကြောင့် နအဖလွှတ်တော်ရဲ့အခုလိုလုပ်ရပ်ဟာ အခြေခံဥပဒေနဲ့မညီညွတ်ဘူးလို့ အဲန်အဲလ်ဒီက ဝေဖန်ပြောဆို လိုက်ပါတယ်။ ကြပ်ပြေးလွှတ်တော် အမတ်တွေကတော့ တုံဏှိဘာဝေလုပ်နေကြပါတယ်။ (AP, 9.3.2011)

## ပျက်ကျရုရှားစစ်လေယာဉ်

Antonov AN 148 အမျိုးအစား ရုရှားနိုင်ငံလုပ်ခရီးသည်တင်လေယာဉ်တစင်းဟာ မြန်မာနိုင်ငံသို့လွှဲပြောင်းပေးဖို့ စမ်းသပ်ပျံသန်းနေစဉ်အတွင်း ရုရှားနိုင်ငံမှာ ပျက်ကျခဲ့ပါတယ်။ မြန်မာနိုင်ငံက လေယာဉ်မှူး ၂ ဦး ရုရှားလူမျိုး ၄ ဦးသေဆုံးခဲ့ပါတယ်။ စက်ပိုင်းဆိုင်ရာချွတ်ယွင်းချက်ကြောင့်လို့ဆိုပါတယ်။ ရုရှားတို့က အာမခံလျော်ကြေးရရင် အသစ်တစင်းဆောက်ပြီးပေးမယ်လို့ဆိုပါတယ်။ (MOSCOW, 9.3.2011)

## ဇာဂနာနဲ့အတူတသားတည်း

နယူးဇီလန်မှ လူ့ရွှင်တော်တချို့ဟာ နိုင်ငံတကာလွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့နဲ့ပူးပေါင်းပြီး မြန်မာနိုင်ငံထဲမှာ အကျဉ်းချခံနေရတဲ့ လူ့ရွှင်တော်ဇာဂနာနဲ့အတူ တသားတည်းရှိနေတယ်ဆိုတာကိုဖော်ပြတဲ့အနေနဲ့ ဇာဂနာရဲ့အခြေအနေကို အများသိစေဖို့နဲ့လွတ် မြောက်ရေးအတွက်လှုပ်ရှားမှုကို စတင်နေပြီလို့သိရပါတယ်။ (SCOOP, 11.3.2011)

## ကောင်းမှုတော်စေတီကို ရွှေမှင်သုတ်သတဲ့

နအဖစစ်ခေါင်းဆောင်တွေဟာ အာဏာတည်မြဲရေးအတွက် ဗေဒင်ကိန်းခန်းယတြာတွေနဲ့ လုပ်နေကြတယ်ဆိုတာလူအများသိကြပါတယ်။ အခုတခါနောက်ဆုံးလုပ်ရပ်ကတော့စစ်ကိုင်းမှာရှိတဲ့ကောင်းမှုတော်စေတီကြီးကို ရွှေမှင်သုတ်ခြင်းပဲဖြစ်ပါတယ်။ ၁၆၃၆ ခုနှစ်ကသာလွန်မင်းတရားကြီးတည်ခဲ့တဲ့စေတီကြီးဟာအဖြူ ရောင်ဖြစ်ပြီး အခုတော့ ရွှေမှင်ရောင်ဖြစ်နေပါပြီ။ သမိုင်းဝင်အဆောက်အဦးတွေဟာ နဂိုမူလပုံသဏ္ဍာန်အတိုင်းမပျောက်မပျက် အောင်ထိန်းသိမ်းဖို့အရေးကြီးလှပါတယ်။ (IRRAWADDY, 10.3.2011)

# သမတသစ်ကို ကျမ်းသစ္စာကျိန်ဆိုပွဲ လုပ်ရန် တပ်ချုပ်ကြီး အမိန့်ပေးဟုဆို

**RFA ၊ မတ်လ ၈ ။** ။ ရွေးချယ်ခံထားရတဲ့ သမတသစ် ဦးသိန်းစိန်နဲ့ ဒုတိယသမတတွေ၊ ဝန်ကြီးတွေနဲ့ လွှတ်တော်ကိုယ်စားလှယ်တွေရဲ့ ကျမ်းသစ္စာကျိန်ဆိုပွဲကို အခု မတ်လ တတိယပတ်အတွင်း နေပြည်တော်မှာ ပြုလုပ်ဖို့ ဗိုလ်ချုပ်မှူးကြီး သန်းရွှေက ညွှန်ကြားထားတယ်လို့ နေပြည်တော်ဝန်ကြီးတွေနဲ့ နီးစပ်သူတွေက ပြောပါတယ်။

နေပြည်တော်တွင် ဖေဖော်ဝါရီ ၄ ရက်နေ့က ကျင်းပသည့်ပြည်ထောင်စုလွှတ်တော်အစည်းအဝေးတွင် သမတအဖြစ် ရွေးချယ်တင်မြှောက်ခံရသော ဦးသိန်းစိန်ကို လွှတ်တော်ကိုယ်စားလှယ်တဦး က ချီးကျူးဂုဏ်ပြုချီးကျူးခဲ့ပါသည်။

မတ်လ ၂၇ ရက် တပ်မတော်နေ့မတိုင်ခင် သမတကျမ်းသစ္စာကျိန်ဆိုပွဲကျင်းပပြီးနောက် အစိုးရသစ်ကို အာဏာလွှဲပြောင်းမှုတွေပါ တပါတည်း လုပ်ဆောင်မယ်လို့သိရပါတယ်။ လွှတ်တော်တက်ရောက်နေတဲ့ NDF အမျိုးသားဒီမိုကရေစီအင်အားစုပါတီအမတ် ဦးစိုးဝင်းကတော့ ကျမ်းသစ္စာကျိန်ဆိုပွဲကို မတ်လ ၂၀ ရက်နဲ့ ၂၇ ရက်ကြား သီတင်းပတ်အတွင်း ပြုလုပ်ဖွယ်ရှိတယ်လို့ ခန့်မှန်းပြောဆိုပါတယ်။

"ဒီလထဲမှာပဲ ဖြစ်မယ်လို့ ကျွန်တော်ပြောတာ၊ သူတို့ကတော့ ပွဲ ၂၀ ကျော်မှပဲ ဖြစ်မယ်လို့ ကြားတယ်ဗျ။ ဒါပေမဲ့ ပထမက ကြားတာကကျတော့ ကျွန်တော်တို့က တပ်မတော်နေ့မှာ ကျွန်တော်တို့ကိုတက်ရဦးမယ် ဘာညာဆိုတာတွေလည်းကြားသေးတယ်ဗျ။ အဲလိုရှိတာ။ အဲ တပ်မတော်နေ့တက်ရမယ်ဆိုရင်တော့ တက်ရတာ တက်ရတာပဲလေ။ အဲဒီနေ့ မတိုင်မီတော့ ဖြစ်လိမ့်မယ်ထင်တယ်လေ။ တခါတည်းကြေညာပြီး ဟိုဟာဖြစ်လိမ့်မယ် အကုန်လုံး။"

အခုနှစ် တပ်မတော်နေ့ အခမ်းအနားကို ဗိုလ်ချုပ်မှူးကြီးသန်းရွှေတက်ရောက်မှာမဟုတ်ပဲ သူ့ရဲ့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရာထူးကို ဆက်ခံမဲ့ ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင် တက်ရောက်မိန့်ခွန်းပြောကြားမှာဖြစ်ကြောင်း၊ တပ်မတော်နေ့ကို အရင်နှစ်တွေကလောက် ကြီးကြီးကျယ်ကျယ် ပြုလုပ်မှာမဟုတ်ကြောင်း ဝန်ကြီးတွေနဲ့နီးစပ်သူတွေက ပြောပါတယ်။

မကြာခင်ပေါ်ပေါက်လာမဲ့ အစိုးရအဖွဲ့သစ်အတွက် ဝန်ကြီးဌာန ၃၃ နေရာ သတ်မှတ်ထားပြီး၊ ဝန်ကြီးလောင်းတွေကို ရွေးချယ်ထားပြီးဖြစ်ပေမဲ့ ဘယ်သူက ဘယ်ဌာနကိုတာဝန်ယူရမယ်ဆိုတာ လောလောဆယ် မသတ်မှတ်ရသေးပါဘူး။

# ကရင်နီနဲ့ နအဖတိုက်ပွဲ ပြင်းထန်

**RFA ၊ မတ်လ ၈ ။** ။ ကရင်နီ တိုးတက်ရေးပါတီ (KNPP) တပ်ဖွဲ့တွေနဲ့ စစ်အစိုးရတပ်များ ရှမ်းပြည်နယ်နဲ့ ကရင်နီ နယ်စပ်မှာ မနေ့က မနက် ၇ နာရီက၊ တိုက်ပွဲ ဖြစ်ပွားတာကြောင့် စစ်အစိုးရဖက်က ၄ ဦး ကျဆုံးပြီး ၂ ဦး ဒဏ်ရာရရှိတယ်လို့ KNPP က ဒီနေ့ မတ်လ ၈ ရက်မှာ သတင်းထုတ်ပြန်ပါတယ်။

တိုက်ပွဲဖြစ်ပွားတဲ့နေရာဟာ KNPP က ဗိုလ်ကြီး စနိုး ဦးဆောင်တဲ့ တပ်ရင်း ၃ က အဖွဲ့တွေနဲ့ စစ်အစိုးရရဲ့ ကင်းလှည့်တပ်ဖွဲ့နဲ့ ရှမ်းပြည်တောင်ပိုင်း လွယ်ဖီတောင်မှာဖြစ်ခဲ့တာလို့ ဆိုပါတယ်။ တိုက်ပွဲဟာ မိနစ် ၃၀ ခန့် ကြာခဲ့တယ်လို့ သိရပါတယ်။ ကရင်နီ (ကယားပြည်နယ်) နဲ့ရှမ်းပြည်တောင်ပိုင်းဒေသတွေမှာ ခုလိုတိုက်ပွဲတွေ မကြာခဏဖြစ်ပွားနေတယ်လို့ KNPP ဒုတိယ နိုင်ငံခြားရေးဝန်ကြီး ဦးရွှေမျိုးသန့်က ပြောပါတယ်။

"ဒီလိုပေါ့လေ၊ ဥပမာအားဖြင့် သူတို့လည်း သူတို့မှာ နယ်မြေလုံခြုံရေးအတွက် ဆင်းတဲ့ဟာတွေ စစ်ကြောင်းတွေ ဘာတွေရှိတယ်။ ကျွန်တော်တို့လည်း ကျွန်တော်တို့ ရွာတွေကို စစ်ကြောင်းတွေ အတွင်းမှာ လှည့်လည်ပြီး လှုပ်ရှားတာတွေရှိတော့ တခါတလေကျလို့ရှိရင်တော့ အဲဒီလို ရင်ဆိုင်တိုးပြီး ပစ်ကြတာတွေ ရှိတယ်။ တခါတလေကျရင် သတင်းရရင် စောင့်ပြီး ပစ်တာတွေ ရှိတယ်။ အဲဒီလို ဟိုနေရာ ဒီနေရာ ကွက်ကျားပြီး တောက်လျှောက်ဖြစ်နေတာပဲ။ ဒီ ခုနပြောသလို ကျွန်တော်တို့ လှုပ်ရှားစစ်ကြောင်းနဲ့ သူတို့ စစ်ကြောင်းနဲ့ တိုးတဲ့အခါမှာ ဖြစ်မယ်၊ နောက် သူတို့ စစ်ကြောင်း လှုပ်ရှားမှုတွေကိုကျွန်တော်တို့က သိတဲ့ အခါမှာ ဘယ်လိုခေါ်မလဲ စောင့်ပြီးတော့ပစ်တာတွေရှိမယ်၊အဲလိုပေါ့။ "

အခုဖြစ်ပွားတဲ့ တိုက်ပွဲနဲ့ပတ်သက်ပြီး ထိခိုက်ဒဏ်ရာရရှိမှုတွေကို စစ်အစိုးရဖက်က အတည်ပြုချက်မရရှိပါဘူး။ KNPP အဖွဲ့တွေအနေနဲ့ ကရင်ပြည်နယ်နဲ့ ကရင်နီပြည်နယ်ကြား ဒေသတွေမှာ KNU တပ်ဖွဲ့တွေနဲ့ ပူးတွဲ ကင်းလှည့်တာတွေလည်းရှိသလို အဲ့ဒီဒေသတွေမှာလည်း စစ်အစိုးရတပ်တွေနဲ့ မကြာခဏ ထိပ်တိုက်ရင်ဆိုင်မှုတွေရှိတယ်လို့ သိရပါတယ်။

# ငြိမ်းချမ်းရေးအတွက် ဆွေးနွေးရန်လို

**DVB ၊ မတ်လ ၈ ။** ။ မြန်မာနိုင်ငံတွင်း ငြိမ်းချမ်းရေးအတွက် တွေ့ဆုံဆွေး နွေးရေးလမ်းကြောင်း အမြန်ဆုံးဖော်ဆောင်ရေးနဲ့ အမျိုးသမီးအပေါ် အကြမ်းဘက်မှုရပ်တန့်ဖို့ အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ) က တောင်းဆိုလိုက်ပါတယ်။ ဒီနေ့ကျရောက်တဲ့ နှစ် ၁၀၀ ပြည့် နိုင်ငံတကာအမျိုးသမီးများနေ့မှာ ကြေညာချက်ထုတ်ပြန် တောင်းဆိုလိုက်တာ ဖြစ်ပါတယ်။

ကြေညာချက်ထဲမှာ တိုင်းရင်းသားဒေသတွေမှာ ဖြစ်ပေါ်နေတဲ့စစ်ပွဲတွေကို အမြန်ဆုံးရပ်ပစ်ပေးဖို့၊ မြန်မာနိုင်ငံငြိမ်းချမ်းရေးအတွက် တွေ့ဆုံဆွေးနွေးရေးလမ်းကြောင်းကို အမြန်ဆုံးဖော်ဆောင်ပေးရေး အပါဝင်ယုံကြည်ချက်ကြောင့် အကျဉ်းကျခံနေရတဲ့ နိုင်ငံရေးအကျဉ်းသားတွေနဲ့ တိုင်းရင်းသားခေါင်းဆောင်တွေကို အမြန်ဆုံးပြန်လွှတ်ပေးဖို့ စတာတွေ တောင်းဆိုထားပါတယ်။ ဒ့ါအပြင် နှစ်ပေါင်းများစွာ စစ်အစိုးရကအမျိုးသမီးတွေကို လူသားဖြစ်မအပေါ် ဆန့်ကျင်တဲ့ လုပ်ဆောင်မှုတွေ၊ အတင်းအဓမ္မပြုကျင့်မှုတွေကို တရားဝင်ခွင့်ပြုထားချက်နဲ့ပတ်သက်ပြီး ရပ်တန့်ပေးဖို့လည်း တောင်းဆိုထားပါတယ်။

အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ) အနေနဲ့ ဒီနေ့ကျရောက်တဲ့နိုင်ငံတကာ အမျိုးသမီးများနေ့မှာ တခြားနိုင်ငံတွေက အမျိုးသမီးတွေနဲ့အတူအန်ဂျီအိုအဖွဲ့အစည်းတွေ၊ ထိုင်း၊ ဘင်္ဂလားဒေ့ရှ်နဲ့ အိန္ဒိယနိုင်ငံ နယ်စပ်တွေမှာ အခမ်းအနားပြုလုပ်ပြီး ချီတက်လမ်းလျှောက်ကြပါတယ်။ နိုင်ငံရေး၊ ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေးအစရှိတဲ့ လူမှုရေးနယ်ပယ်အသီးသီးမှာ အမျိုးသမီးတွေခွဲခြားဖိနှိပ်ခံနေရမှုကနေ လွတ်မြောက်ဖို့နဲ့ တန်းတူအခွင့်အရေးရရှိဖို့အတွက် လှုပ်ရှားဆောင်ရွက်ခဲ့ကြတဲ့ ကမ္ဘာလုံးဆိုင်ရာအမျိုးသမီးလှုပ်ရှားမှုကြီးကို အသိအမှတ်ပြုခဲ့ရာကတဆင့် နိုင်ငံတကာ အမျိုးသမီးများနေ့ ပေါ်ပေါက်လာခဲ့တာဖြစ်ပါတယ်။

# သမ္မတ၏လုပ်ပိုင်ခွင့်များသည် အခြေခံဥပဒေနှင့် မကိုက်ညီဟု အဖွဲ့ချုပ်ပြောကြား

**DVB ၊ မတ်လ ၈ ။** ။ လွှတ်တော်လုပ်ငန်းစဉ်တွေနဲ့ အစိုးရအဖွဲ့ ဖွဲ့စည်းရေးဆိုင်ရာ လုပ်ငန်းစဉ်တွေကို သမ္မတအဖြစ်ရွေးကောက်တင်မြှောက်ခံထားသူက ပြုလုပ်ဆောင်ရွက်နေတာဟာ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ကိုက်ညီမှုမရှိဘူးလို့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ဝေဖန်လိုက်ပါတယ်။

ဒီကနေ့ရက်စွဲနဲ့ထုတ်ပြန်တဲ့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရဲ့ ကြေညာချက်မှာ ဖော်ပြထားတာလဲဖြစ်ပြီး ဒီအကြောင်းကို အဖွဲ့ချုပ် ဗဟိုပြန်ကြားရေး အဖွဲ့ဝင် ရှေ့နေ ဦးဉာဏ်ဝင်းက အခုလို ပြောပါတယ်။

"၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေမှာ သမ္မတတွေရဲ့ လုပ်ပိုင်ခွင့်တွေရှိတယ်။ တရားသူကြီးတို့ ဝန်ကြီးအဖွဲ့ အရေအတွက်တို့ နာမည်တို့ ဒါတွေအကုန်လုံး သူလုပ်ပိုင်ခွင့်ရှိတယ်။ ဒါပေမယ့်လို့ သမ္မတအဖြစ် ရွေးချယ်ခံရတဲ့သူကတော့ လုပ်ပိုင်ခွင့်မရှိဘူး။ ဒီလုပ်ပိုင်ခွင့် ပြဋ္ဌာန်းထားတာမရှိဘူး။ အဲဒါ ဖွဲ့စည်းပုံအခြေခံဥပဒေရဲ့ သမ္မတဆိုတဲ့ဟာကို ရွေးချယ်ခံထားရသူတို့ ဘာတို့က ထည့်လို့မရဘူး၊ ဒါက သူ့ရဲ့အခြေခံဥပဒေ။ ဒါကို ပြင်လို့မရဘူး။ အဲတော့ ဒါကမကိုက်ညီဘူးပေါ့၊ ကျနော်တို့က ဒါပြောတယ်။"

ဒါ့အပြင်ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ ကိုက်ညီမှုမရှိတဲ့လုပ်ငန်းတွေကိုလွှတ်တော်တွင်း ပြုလုပ်နေတာနဲ့ပတ်သက်ပြီးတော့လည်း ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေကို ကာကွယ်စောင့်ရှောက်ပါ့မယ်လို့ သဘောတူထားတဲ့ နိုင်ငံရေးပါတီတွေအနေနဲ့လည်း ဒီအချက်ကို ထောက်ပြဝေဖန်ကြဖို့ကိုလည်း တိုက်တွန်းကြောင်း ဦးဉာဏ်ဝင်းက ဆက်ပြောပါတယ်။

"နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ထားတဲ့ လူတွေကလည်း သူတိုနိုင်ငံရေးပါတီမှတ်ပုံတင်ထဲက ဖွဲ့စည်းပုံအခြေခံဥပဒေကို ကာကွယ်စောင့်ရှောက်ရမယ်။ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေကို ကာကွယ်ပေးရမယ်၊ ဒါတွေပါတယ်။ အဲတော့ သူတို့က ဒီလိုဖွဲ့စည်းပုံအခြေခံဥပဒေနဲ့မကိုက်ညီဘူးဆိုရင် ထောက်ပြဖို့ လိုအပ်တယ်လို့ ကျနော်တို့ဖော်ပြတယ်။"

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အနေနဲ့ကတော့ တရားဥပဒေစိုးမိုးရေးအရ အခုလိုဆောင်ရွက်နေတာဟာ ပြည်ထောင်စုမြန်မာနိုင်ငံ ၂၀၀၈ ခုနှစ်ဖွဲ့စည်းပုံအခြေခံဥပဒေပြဋ္ဌာန်းချက်တွေနဲ့ ကိုက်ညီမှုမရှိဘူးလို့ အများပြည်သူသိရှိနိုင်ရန် ပြောကြားလိုက်ပါတယ်။

"လက်ရှိအခြေအနေမှာတော့ ပြီးခဲ့တဲ့ ဇန်နဝါရီလ ၃၁ ရက်နေ့ကတည်းက စတင်ကျင်းပပြုလုပ်နေတဲ့ လွှတ်တော်အစည်းအဝေးတွေကနေ သမ္မတတွေကို ရွေးချယ်တင်မြှောက်တာတွေ၊ ဒီရွေးချယ်တင်မြှောက်ခံထားတဲ့ သမ္မတက ပြည်ထောင်စုအဆင့် အစိုးရဝန်ကြီးဌာနတွေဖွဲ့စည်းတာ၊ ဒီဝန်ကြီးဌာနတွေရဲ့ ဝန်ကြီးအမည်စာရင်းတွေကို အတည်ပြုတာတွေပြုလုပ်ပြီး ဖြစ်ပါတယ်။

ဒါ့အပြင်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဖွဲ့တာ၊တရားသူကြီးချုပ်ရုံးဖွဲ့တာ၊ ရှေ့နေချုပ်ရုံးဖွဲ့တာ၊ ရွေးကောက်ပွဲကျင်းပရေးကော်မရှင် ပြင်ဆင်ဖွဲ့စည်းတာနဲ့ စာရင်းချုပ်ရုံးတွေဖွဲ့စည်းတာတွေ ပြုလုပ်ထားပြီးဖြစ်ပါတယ်။ ဒါပေမယ့် သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရတဲ့ ဗိုလ်ချုပ်ကြီးဟောင်း ဦးသိန်းစိန်အစိုးရအဖွဲ့ကိုတော့ လက်ရှိအုပ်ချုပ်နေတဲ့ နိုင်ငံတော်အေးချမ်းသာယာရေးနဲ့ ဖွံ့ဖြိုးရေးကောင်စီက အာဏာလွှဲအပ်တာ မရှိသေးသလို သမ္မတဖြစ်လာမယ့် ဦးသိန်းစိန်ဟာလည်း လက်ရှိအစိုးရအဖွဲ့မှာ ဝန်ကြီးချုပ်အဖြစ် တာဝန်ထမ်းဆောင်နေဆဲဖြစ်နေတာတွေနဲ့ပတ်သက်ပြီး ဝေဖန်မှုတွေထွက်ပေါ်နေပါတယ်။"

**ပြကွဒိန်မှ**

**မတ် ၁၀ ၊ China Daily ။ ။** အိမ်နီးချင်းမြန်မာတွင် ဘိန်းစိုက်ပိုလာ၍ နယ်ခြားလုံခြုံရေးတပ်များအတွက်ပြဿနာပိုလာကြောင်း ယူနန်ရဲထိပ်သီးတဦးမှဆို၏။

**မတ် ၁၀ ၊ Peoples' Daily ။ ။** နေပြည်တော်တွင် ၄၈ ကြိမ်မြောက် ကျောက်မျက်ရတနာပွဲ ကျင်းပ၏။

**မတ် ၁၀ ၊ Japan Today ။ ။** ထိုင်းမှ တဆင့်ရောက် မြန်မာမှ ဒုက္ခသည် ၂၇ ဦးသည် ဂျပန်တွင် ဘ၀ အခြေချရန် ၆ လသင်တန်းပြီးစီး၏။

**မတ် ၁၀ ၊ Al Jazeera ။ ။** မြန်မာ၏ ကျောက်သံပတ္တမြားလုပ်ငန်း၏ နောက်ကွယ်တွင် ကလေးသူငယ်လုပ်အားသုံးမှုတွေ့နိုင်ကြောင်း။

**မတ် ၁၀ ၊ Irrawaddy ။ ။** ကရင်နီနှင့်အနွယ်ဝင် ရင်တလေးစသည့် တိုင်းရင်းသားများသည် ရွှာသစ်ဆည်၊ မောင်မြစ်ဆည်စသည့် ရေကာတာသစ်များကြောင့် လူများသေကြေကာ မျိုးရိုးတိမ်ကောခြင်းဖြစ်နိုင်၏ဟု KRDG ကရင်နီတိုးတက်ရေးသုတေသနအုပ်စု၏ သတင်းထုတ်ပြန်ချက်မှ ဆို၏။

**မတ် ၁၀ ၊ DVB ။ ။** မလေးရှားတွင် ဂျပန်လုပ်ငန်းအတွက်လုပ်နေသော မြန်မာမှလုပ်သားများအတွက် ရှေ့နေလိုက်ပေးသူ လူ့အခွင့်အရေးရှေ့နေ Charles Hector သည် ထိုဂျပန်လုပ်ငန်းတာဝန်ခံတဦး၏ အသရေညှိုးဖျက်မှုဖြင့် တရားစွဲခံနေရ၏။

**မတ် ၁၁ ၊ EC ။** အီးယူနိုင်ငံများ၏ လူသားခြင်းစာနာမှုကော်မရှင်နာ ခရစ်တာလီနာ ဂျော်ဂျီအဲဗာသည် သည်နံနက်ဖန် ထိုင်းသို့ရောက်၍ မြန်မာမှဒုက္ခသည်များနှင့် ၄င်း ထိုင်းဝန်ကြီးချုပ်နှင့်၄င်း တွေ့ဆုံမည်။

**မတ် ၁၁ ၊ Irrawaddy ။ ။** ဗိုလ်ချုပ်သန်းရွှေလင်မယားအလိုအရ အာဏာပိုင်များသည် စစ်ကိုင်းကောင်းမှုတော်အား ရွှေရောင်သုတ်ရန် စဉ်စားနေကြောင်း။

**မတ် ၁၁ ၊ Irrawaddy ။ ။** အမတ်များ ပထမဦးဆုံးအကြိမ် မေးမြန်းအဆိုပြုခြင်းများပြုနိုင်ခဲ့သော်လည်း နိုင်ငံရေးအကျဉ်းသာများအား လွှတ်ရန် တောင်းဆိုသည့် ဆွေးနွေးချက်ကို လွှတ်တော်သည် ထည့်သွင်းမဆွေးနွေးသေးကြောင်း။

**မတ် ၁၁ ၊ Mizzima ။ ။** Denmark ,Latvia တို့သည် ၁၁ နှင့် ၁၂ နိုင်ငံမြောက်အဖြစ် နအဖအား အပြည်ပြည်ဆိုင်ရာခုံရုံးဖြင့် စစ်ရန် ထောက်ခံ၏။

**မတ် ၁၁ ၊ Mizzima ။ ။** ဂီရိမုန်တိုင်းရံပုံငွေပွဲကို မြန်မာရုပ်ရှင်သရုပ်ဆောင်နှင့် အဆိုတော်များမှ ကျင်းပ၏။

**မတ် ၁၁ ၊ DVB ။ ။** ရန်ကုန်ရှိ ထိုင်းယိ ဖိနပ်စက်ရုံမှ လုပ်သား ၁၅၀၀ ခန့်သည် လက်ရှိလုပ်ခ တနာရီကျပ် ၇၀ မှ ၇၅ ကျပ်အထိတိုးပေးရန် ဆန္ဒပြကျ၏။

**မတ် ၁၁ ၊ SHAN ။ ။** နမ်းဆန်ဖက်မှ ပလောင်လူငယ်များ တပတ်လျှင် ၁၀၀၀ ဦးခန့်သည် နယ်စပ်များသို့ထွက်ပြေးနေ၏။

**မတ် ၁၂ ၊ VOB ။ ။** ဂျပန်နိုင်ငံတွင် သောကြနေ့ နေ့လယ် ၂ နာရီ ၄၆ မိနစ်က ပြင်းအားကြီး ငလျင်လှုပ်ခတ်သွားမှုကြောင့် ဆူနာမိလှိုင်းတွေဖြစ်ပေါ်ပြီး အသေအပျောက် အပျက်အစီးအမြောက်အများရှိခဲ့ကြောင်း။

**မတ် ၁၃ ၊ DVB ။ ။** သရုပ်ဆောင်ကိုကျော်သူ ဦးဆောင်နေသည့် နာရေးကူညီမှုအသင်း (ရန်ကုန်) ဖွင့်လှစ်မည့် နွေရာသီအင်္ဂလိပ်စာသင်တန်းမှာ ကျောင်းသူကျောင်းသား ၅၀၀ ကျော်တက်ရောက် သင်ကြားကြမည်ဟုဆိုကြောင်း။

**မတ် ၁၃ ၊ VOB ။ ။** ဂျပန်နိုင်ငံမှ ငလျင်ဒဏ်ကြောင့် နျူးကလီယားဓာတ်အားပေးစက်ရုံတွေ ပျက်စီးပြီး ရေဒီယိုသတ္တိကြွဓာတ်တွေ ပျံ့နှံ့မည်ကို စိုးရိမ်ကြရသော ဂျပန်နိုင်ငံသား တသိန်းခုနှစ်သောင်းကျော်သည် သူတို့၏အိုးအိမ်များကို စွန့်ခွာထွက်သွားနေကြရကြောင်း။

# မြန်မာ့ဒီမိုကရေစီရေး ညီလာခံ ဖိုဒ်ဝိန်းမြို့မှာ ကျင်းပ

**RFA । မတ်လ ၆ ။** ။ အမေရိကန်ပြည်ထောင်စု အင်ဒီယားနားပြည်နယ် ဖိုဒ်ဝိန်းမြို့မှာရှိတဲ့ အင်ဒီယားနားတက္ကသိုလ်-ပါဂျူး တက္ကသိုလ်ရဲ့ကူညီထောက်ပံ့မှုအရ မြန်မာ့ဒီမိုကရေစီရေးဆိုင်ရာ နိုင်ငံတကာညီလာခံ တရပ်ကို အင်ဒီယားနားတက္ကသိုလ်မှာ မတ်လ ၅ ရက်နဲ့ ၆ ရက်နှစ်ရက်ကြာ ကျင်းပနေပါတယ်။

ဒီ ညီလာခံကို ဒေါ်အောင်ဆန်းစုကြည်က ဗီဒီယို သတင်းစကားပေးပို့ခဲ့ရာမှာ မဆုတ်မနစ်တာဝန်ယူမှုနဲ့ ညီညွတ်မှုရှိမယ်ဆိုရင်အောင်မြင်မှုရရှိဖို့ ပိုပြီးနီးစပ်လာမှာဖြစ်တယ်လို့ ပြောကြောင်း သိရပါတယ်။

ညီလာခံ ပထမနေ့မှာ- စစ်အစိုးရအပေါ် နိုင်ငံတကာဖိအားတွေ တိုးလာရေးနဲ့ ဒီမိုရေစီရေးအတွက် နိုင်ငံတကာ ရန်ပုံငွေထူထောင်ရေး ကိစ္စတွေကို အဓိကထား ဆွေးနွေးခဲ့ကြတယ်လို့ ညီလာခံကျင်းပရေး ကော်မတီဝင်တဦးဖြစ်သူ ကိုငြိမ်းချမ်းဝေက ပြောပါတယ်။

"ပထမနေ့အစီအစဉ်မှာ ရန်ပုံငွေ ထူထောင်ရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်ရေး၊ အပြည်ပြည်ဆိုင်ရာ ဖိအားရရှိရေး၊ ရှစ်လေးလုံးမျိုးဆက်တွေရဲ့အခန်းကဏ္ဍကို ဘယ်လို ကျယ်ပြန့်ကြီးမားအောင် လုပ်မလဲ ဆိုတာတွေကို ဆွေးနွေးခဲ့ကြပါတယ်"

အဲဒီညီလာခံမှာ အင်ဒီယားနားတက္ကသိုလ်နဲ့ပါဂျူး တက္ကသိုလ် ၂ ခုပေါင်းထားတဲ့ IPFW တက္ကသိုလ်က ကရင် တော်လှန်ရေးခေါင်းဆောင် ဖဒိုမန်းရှာကို National Equality အမျိုးသားတန်းတူညီမျှရေးဆုချီးမြှင့်ခဲ့ကြောင်းလည်း သိရပါတယ်။

ဖဒိုမန်းရှာကို ဆုချီးမြှင့်လိုက်တာနဲ့ပတ်သက်ပြီး အဲဒီညီလာခံမှာ တက်ရောက်နေတဲ့ သားဖြစ်သူ (ဆလုံဖန်း)ကို RFA ကဆက်သွယ် မေးမြန်းခဲ့ပါတယ်။

"ကျနော့်အဖေကို ဒီဆုပေးတာ ဝမ်းသာပါတယ်။သူ့လုပ်ဖော်ကိုင်ဘက်တွေ အများကြီးရှိတယ်။ သူတို့က သူ့ကို မမေ့ကြပါဘူး။မြန်မာပြည်ကို ဖက်ဒရယ်ပြည်ထောင်စုဖြစ်စေချင်တဲ့ သူ့ဆန္ဒအတိုင်း သူသေသွားပေမယ့် သူ့လုပ်ဖော်ကိုင်ဘက်တွေက ဆက်လုပ်ကြမှာပါ။မြန်မာပြည် ဒီမိုကရေစီရရှိရေးအတွက်ပေါ့"

ဖို့ဝိန်းမြို့က ညီလာခံကို အမေရိကန်၊ ကနေဒါ၊ ဂျာမဏီ၊ ဂျပန်၊ ထိုင်း စတဲ့ နိုင်ငံတွေက ကိုယ်စားလှယ်ပေါင်း ၁၂၀ နီးပါး တက်ရောက်ကြောင်း သိရပါတယ်။ ညီလာခံတက်ရောက်လာသူများကိုလည်း လူထုခေါင်းဆောင်ဒေါ်အောင်ဆန်းစုကြည်မှ ညီညွတ်ကြဖို့ တိုက်တွန်းလိုက်ကြောင်းလည်းသိရပါတယ်။

---

# မြဝတီ ဗုံးကွဲ အသေအပျောက်မရှိ

**MIZZIMA । မတ်လ ၈ ။** ။ လူအသေအပျောက် မရှိသည့် ဗုံးပေါက်ကွဲမှုတရပ် ထိုင်း-မြန်မာနယ်စပ် မြဝတီမြို့၌ မတ်လ ၅ ရက်နေ့တွင် ဖြစ်ပွားခဲ့ကြောင်း မြို့ခံများက ပြောသည်။

ကရင်ပြည်နယ် မြဝတီမြို့လယ်ရှိ အာရှလမ်းမကြီးဘေး ရဲစခန်းအနီး ဓာတ်ဆီဆိုင်၌ ည ၁၀ နာရီ ၄၅ မိနစ်ခန့်တွင် ပေါက်ကွဲခဲ့ပြီး၊ ဆိုင်ပိတ်ချိန်ဖြစ်သဖြင့် တဦးတယောက်မျှ မထိခိုက်သလို ဆိုင်လည်း ပျက်စီးမှုမရှိခဲ့ပေ။

"လူတွေ ဘာတွေတော့ မထိပါဘူး။ ပလက်ဖောင်း နည်းနည်းထိသွားရုံပဲ။သူတို့တွက်တာကတော့ DKBA (တိုးတက်သောဗုဒ္ဓဘာသာကရင်အမျိုးသား တပ်မတော်) က မြို့ပေါ်ကို လာခြိမ်းခြောက်တယ်လို့ပဲ တွက်နေကြတယ်" ဟု မြို့နယ် ရဲစခန်းနှင့်နီးစပ်သူ မြို့ခံတဦးက မဇ္ဈိမကို ပြောသည်။ အခင်းဖြစ်ရာသို့ ရဲများရောက်ခဲ့သော်လည်း ယခုထိ ဖောက်ခွဲသူကို မဖော်ထုတ်နိုင်သေးဟု ဆိုသည်။

ဗုံးကွဲပြီးနောက် ယခုအခါ နယ်ခြားစောင့်တပ်များ၊ စစ်အစိုးရ တပ်များဖြင့် မြို့လုံခြုံရေး တင်းကျပ်နေပြီး၊ မသင်္ကာသည့်ကား၊ ဆိုင်ကယ် နှင့် လူများကို တားမြစ်စစ်ဆေးသလို ညဘက်တွင် အာရှလမ်းမပေါ်၌ ရှောင်တခင် စစ်ဆေးမှုများရှိနေသည်။ ပြီးခဲ့သည့် ၉ ရက်နေ့တွင်လည်း အာရှလမ်းမကြီးထိပ် ထိုင်း-မြန်မာ ချစ်ကြည်ရေးတံတား ယာဘက်ခြမ်းရှိ 7 Star လက်ဖက်ရည်ဆိုင်တွင် ဗုံးပေါက်ခဲ့ရာ လူ ၂ ဦး ပွဲချင်းပြီး သေဆုံးကာ ၂ ဦး ဒဏ်ရာ ရခဲ့သည်။

"ကျနော်တို့ဆီမှာကတော့ အကိုရယ် ဝုန်းခနဲအသံကြားရင် တိုက်ပွဲတွေဖြစ်ပြီးလားပဲ ထင်နေတော့ထွက်တောင် မစပ်စုရဲဘူး။ကိုယ့်အိမ်မှာကိုယ် ပုန်းနေရတယ်" ဟု မြဝတီမြို့သားတဦးက ပြောသည်။

မြဝတီတွင် စစ်အစိုးရတပ်များ၊ DKBA နယ်ခြားစောင့်တပ်များ အပြင် အရပ်သားအသွင်နေထိုင်သည့် နယ်ခြားစောင့်တပ် ငြင်းဆန်ဆဲ DKBA တပ်ဖွဲ့ဝင်များ၊ KNU တပ်ဖွဲ့ ဝင်များ၊ ဟောင်သရော ငြိမ်းချမ်းရေးတပ်ဖွဲ့ KPF အဖွဲ့ဝင်များ လှုပ်ရှားနေသည်။

---

# မြန်မာ၊ ကမ္ဘောဒီးယားနှင့် ထိုင်းလက်တွဲ

**DVB । မတ်လ ၉ ။** ။ ထိုင်းစီးပွားရေးဝန်ကြီးဌာနက ဆန်စပါးအရည်အသွေးမြင့်မားဖို့နဲ့ ဈေးနှုန်းမြင့်တင်ရေးအတွက် ကမ္ဘောဒီးယား၊ မြန်မာနိုင်ငံတို့နဲ့ လက်တွဲဆောင်ရွက်ရန် စီမံချက်တရပ်ချမှတ်နေတယ်လို့ ထိုင်းသတင်းစာတွေမှာဖော်ပြထားပါတယ်။

ဒီစီမံချက်အရ မြန်မာနဲ့ကမ္ဘောဒီးယားက ဝင်လာတဲ့ဆန်တွေကိုထိုင်းနိုင်ငံတွင်းကို ချက်ချင်းမတင်သွင်းဘဲ နယ်စပ်ဂိုဒေါင်တွေကို ပို့ပြီးဆန်အဆင့်အတန်းခွဲခြားတာ၊အတုအပ မပါအောင် စစ်ဆေးတာ၊ဈေးနှုန်းသတ်မှတ်တာတွေ လုပ်ဆောင်မှာဖြစ်ပါတယ်။ ဒါ့အပြင် ကမ္ဘောဒီးယားဆန်၊ မြန်မာဆန်၊ ထိုင်းဆန် စတာတွေကို စားသုံးသူတွေက ကွဲကွဲပြားပြားသိအောင် လုပ်ဆောင်မှာဖြစ်ပါတယ်။

တကယ်လို့ ထိုင်းက မြန်မာနဲ့ကမ္ဘောဒီးယားတို့ကို ပူးပေါင်းဆောင်ရွက်မှုမလုပ်ဘူးဆိုရင် ဗီယက်နမ်နိုင်ငံက လက်ဦးမှုယူပြီး မြန်မာ၊ ကမ္ဘောဒီးယားနိုင်ငံတို့နဲ့ လက်တွဲသွားမှာဖြစ်တဲ့အတွက် လက်ရှိ ထိုင်းက ရထားသည့် ကမ္ဘာ့ဆန်အများဆုံးထုတ်လုပ်တဲ့ နိုင်ငံအဆင့်ကို ဗီယက်နမ်က ရသွားနိုင်တယ်လို့ ထိုင်းစီးပွားရေးဝန်ကြီးဌာနက ဆိုပါတယ်။ ဆန်ဈေးကွက်ကို လက်ဝါးကြီးအုပ်ထားတဲ့ ထိုင်းနိုင်ငံဟာ လွန်ခဲ့တဲ့ သုံးနှစ်လောက်ကစပြီး အိမ်နီးချင်းနိုင်ငံတွေရဲ့ စိန်ခေါ်မှုကို ရင်ဆိုင်နေရတာဖြစ်ပါတယ်။

ဈေးကွက်မှာ ဒုတိယအများဆုံးထုတ်လုပ်တဲ့ ဗီယက်နမ်က ဈေးကွက်ဝင် လုတာကြောင့် ၂၀၀၈ ခုနှစ်က ဈေးပြိုင်လျှော့ ရောင်းခဲ့ရဖူးပါတယ်။ ထိုင်းတို့ ဗီယက်နမ်တို့လောက် ဆန်တင်ပို့အား မကောင်းပေမယ့် မြန်မာ့ဆန်စပါးတင်ပို့မှုက ၅ နှစ်အတွင်းမှာ တန်ချိန် ၁ သန်းကျော်ထိရှိလာပြီး လာမယ့်နှစ်ပိုင်းမှာ တန်ချိန်သုံးသန်းလောက်ထိ တင်ပို့လာနိုင်ဖွယ်ရှိတယ်လို့ ထိုင်းအစိုးရပိုင်းက ခန့်မှန်းနေကြပါတယ်။

# မြန်မာနိုင်ငံတွင် ကလေးသေဆုံးမှုနှုန်း နှစ်ဆမြင့်တက်

**DVB ၊ မတ်လ ၈ ။** ။ မြန်မာနိုင်ငံအရှေ့ပိုင်း တိုင်းရင်းသားဒေသတွေမှာ ကလေးသေဆုံးမှုနှုန်းဟာ နှစ်ဆလောက် မြင့်တက်လာပြီး မိခင်သေဆုံးမှုနှုန်းဟာ တနိုင်ငံလုံးမှာ သုံးဆလောက်မြင့်တက်လာတယ်လို့ အမေရိကန်နိုင်ငံအခြေစိုက် လူ့အခွင့်အရေးအတွက် ဆရာဝန်များအဖွဲ့ (Physicians For Human Rights - PHR) ရဲ့အစီရင်ခံစာမှာ ဖော်ပြထားပါတယ်။

မြန်မာပြည်အရှေ့ပိုင်း ရှမ်းပြည်နယ်နဲ့ ကရင်ပြည်နယ်တွေမှာမွေးကင်းစကလေး (၁၀၀၀) မှာ (၁၂၂) ယောက် သေဆုံးနေတယ်လို့ အစီရင်ခံစာထဲမှာ ဖော်ပြထားပါတယ်။ အလားတူ မြန်မာပြည်အနောက်ခြမ်း ချင်းပြည်နယ်ဘက်မှာဆိုရင်လည်း လုပ်အားပေးစေခိုင်းမှုတွေ၊ စစ်တပ်က မိသားစုပိုင်ကောက်ပဲသီးနှံတွေဖျက်ဆီးမှု၊ ခိုးမှုတွေပြုလုပ်တာ ၉၂ ရာခိုင်နှုန်း မြင့်တက်လာပြီး မိသားစု ၄၃ ရာခိုင်နှုန်းလောက်ဟာ ကောက်ပဲသီးနှံတွေဖျက်ဆီးခံရမှုကြောင့် အစာရေစာရှားပါးမှု ၆ ဆလောက် မြင့်သွားတယ်လို့ဆိုပါတယ်။ ဒီအခြေအနေတွေဟာ တိုင်းရင်းသားတွေ နေထိုင်တဲ့ဒေသတွေမှာ အရပ်သားတွေကို ဖိနှိပ်ညှဉ်းပန်းမှုတွေကြောင့် လူတွေကိုယ်တိုင်ဖန်တီးတဲ့ ကျန်းမာရေးကပ်ဘေးတွေ ကြုံလာရတာဖြစ်တယ်လို့လည်း ဒီအစီရင်ခံစာထဲမှာဖော်ပြထားပါတယ်။ ချင်းပြည်နယ်မှာ လူ့အခွင့်အရေး ပညာပေးလုပ်ငန်းတွေ လုပ်ကိုင်နေတဲ့ လူ့အခွင့်အရေးပညာပေးဌာန (မြန်မာနိုင်ငံ) ရဲ့ စည်းရုံးလှုံ့ဆော်ရေးတာဝန်ခံ ချင်းတိုင်းရင်းသူ မချယ်ရီက အခုလို ပြောဆိုတယ်။

"ချင်းပြည်နယ်မှာ ကျန်းမာရေးနဲ့ပတ်သက်ပြီးတော့ဆေးရုံတွေ ဆေးဆရာမတွေက မရှိသလောက်ဖြစ်နေတယ်။ ကလေးသူငယ်တွေကာကွယ်ဆေးပဲထိုးရတယ်။ ချင်းပြည်နယ်တပြည်လုံးမှာ။ ကလေးတွေအတွက် လိုအပ်ချက်အာဟာရတွေ ဘာမှမရှိဘူး။ ချင်းတောင်ဟာဆိုရင် တောင်သူလယ်သမားတွေများတယ်။ သူတို့စားတဲ့အစာတွေကလည်း အာဟာရချို့တဲ့နေတယ်။ အဲဒါမျိုးတွေကို ကူညီပေးဖို့ရာ အစိုးရဘက်မှာ ဘာမှအစီအစဉ်တွေကမရှိသေးဘူး။"

ဒါ့ပြင် ချင်းပြည်နယ်အတွင်းမှာ နအဖစစ်အစိုးရက နိုင်ငံတကာနဲ့ ချုပ်ဆိုထားတဲ့ ကျန်းမာရေး၊ လူမှုရေး၊ ပညာရေးဆိုင်ရာ စာချုပ်တွေကို အကောင်အထည်ဖော်မှုလုံးဝမရှိဘူးလို့လည်း မချယ်ရီက ပြောပါတယ်။။ မြန်မာပြည်အရှေ့ပိုင်း နယ်စပ်တလျှောက် ဒေသတွေဖြစ်တဲ့ မွန်ပြည်နယ်၊ ကရင်ပြည်နဲ့ရှမ်းပြည်နယ်တွေထဲက မွေးကင်းစကလေး သေဆုံးမှုနဲ့ မိခင်သေဆုံးမှုနှုန်းတွေမြင့်တက်လာနေတယ်လို့ ဒုက္ခသည်တွေကို အကူအညီပေးနေတဲ့ နယ်လှည့်ကျောပိုးအိတ်အဖွဲ့ရဲ့ ခေါင်းဆောင်ဦးမန်းမန်းက ပြောပါတယ်။ မြန်မာပြည်အရှေ့ပိုင်းမှာ မွေးကင်းစကလေးသေဆုံးမှုနဲ့ မိခင်တွေ သေဆုံးမှုဟာ အရှေ့တောင်အာရှနိုင်ငံတွေမှာ အများဆုံးဖြစ်နေတယ်လို့လည်း ဦးမန်းမန်းက ဆိုပါတယ်။

ဒါ့အပြင် လူ့အခွင့်အရေးအတွက် ဆရာဝန်အဖွဲ့ရဲ့ လေ့လာတွေ့ရှိချက်မှာ ဒေသခံကျန်းမာရေး လုပ်သားတွေဟာ လက်နက်ကိုင် ပဋိပက္ခတွေဖြစ်ပွားနေတဲ့ ဒီဒေသတွေမှာ ကျန်းမာရေးဆိုင်ရာ စောင့်ရှောက်မှု အထူးလိုအပ်တဲ့နေရာတွေဆီ သွားရောက် ဆေးဝါးကုသပေးနေကြရလို့လည်းဖော်ပြထားပါတယ်။ နအဖစစ်အစိုးရအနေနဲ့ လူ့အခွင့်အရေးချိုးဖောက်မှုတွေကို ဆက်လက်လုပ်ဆောင်နေသမျှ အခုကြုံတွေ့နေရတဲ့ ကျန်းမာရေးပြဿနာတွေဟာလည်း တိုးတက်ကောင်းမွန်လာမှာ မဟုတ်ဘူးလို့လည်း ဖော်ပြထားပါတယ်။

# ပုဂ္ဂလိကဆီဆိုင်ကို ဝင်ရောက်စစ်ဆေး

**DVB ၊ မတ်လ ၈ ။** ။ နယ်မြေခံ စစ်ဖက်ရေးရာ လုံခြုံရေးတပ်ဖွဲ့ (စရဖ) ဝင်တွေ ရန်ကုန်တိုင်းမြို့နယ်တွေက ပုဂ္ဂလိက စက်သုံးဆီဆိုင်တွေကို ဒီနေ့မနက်ပိုင်းက ဝင်ရောက်စစ်ဆေးတယ်လို့ သိရပါတယ်။

စရဖနဲ့ နီးစပ်သူတဦးက "သက်ဆိုင်ရာ စရဖနယ်မြေတာဝန်ခံတွေက ဆီဆိုင်တွေကို ကားတွေတန်းစီနေတာကို ဓာတ်ပုံလိုက်ရိုက်တယ်။ နောက်ပြီးတော့ ဆီဆိုင်တွေကိုဝင်စစ်တယ်။ ဆီဆိုင်တွေမှာ အကြံအဖန် ဂါလန်မပြည့်ဘဲနဲ့ရောင်းတာရှိလား။ တချို့ဆိုင်တွေဆို ကားတစီးကို သုံးဂါလန်ပေးတာရှိတယ်၊ လေးဂါလန်ပေးတာရှိတယ်။ ဆီကို ဆီဆိုင်က ဝန်ထမ်းတွေအနေနဲ့မှောင်ခိုထုတ်တာရှိလား။ အဲဒါတွေကအစ သူတို့မှတ်တမ်းလိုက်ယူလိုက်စစ်တာရှိတယ်" လို့ ပြောပါတယ်။

အခုရက်ပိုင်းအတွင်းမှာ ဒီဇယ်ဆီဈေးနှုန်း ပုဂ္ဂလိက စက်သုံးဆီဆိုင်တွေမှာ ဆိုင်ထုတ်ဈေးမြင့်တက်နေပြီး ဓာတ်ဆီဈေးနှုန်းများဟာ လည်းပြင်ပပေါက်ဈေးမှာ ဆိုင်ထုတ်ဈေးထက် အဆမတန်မြင့်တက်နေတာတွေကြောင့် စရဖနယ်မြေတာဝန်ခံတွေဟာ နယ်မြေခွဲပြီး ပုဂ္ဂလိက စက်သုံးဆီဆိုင်တွေကို ဝင်ရောက်စစ်ဆေးကြတာလို့ ဆိုပါတယ်။

"ဥပမာ ကြည့်မြင်တိုင်က ကျတဲ့ လူဆိုရင် စမ်းချောင်းက ဆိုင်တွေဝင်စစ်တယ်၊ စမ်းချောင်းမှာကျတဲ့လူတွေက ကမာရွတ်က ဆိုင်ကိုသွားစစ်ပေ့ါ။ စစ်တယ်ဆိုတာ တရားဝင်တော့မဟုတ်ဘူး၊ သူတို့ ဘယ်လိုပုံစံမျိုးနဲ့ ဆီကို မသမာမှုလုပ်တယ်ဆိုတာ စုံစမ်းတဲ့သဘောမျိုးပေ့ါ။ အရေးယူတာတော့ မရှိသေးဘဲနဲ့ လက်ရှိဖြစ်စဉ်ကို သတင်းပြန်တင်ပြတဲ့ ပုံစံမျိုးပေ့ါ။"

မြန်မာစစ်အစိုးရက နိုင်ငံတော်ပိုင် စက်သုံးဆီ အရောင်းဆိုင် ၂၆၀ ကို ပုဂ္ဂလိကလုပ်ငန်းရှင်များထံ ၂၀၁၀ ဇွန်လမှာ လွှဲပြောင်းလုပ်ကိုင်စေခဲ့ပြီး ရန်ကုန်တိုင်းအတွင်းမှာတော့ ပုဂ္ဂလိကပိုင် စက်သုံးဆီဆိုင် ၅၀ ကျော် ဖွင့်လှစ်ရောင်းချတယ်လို့ သိရပါတယ်။

# စိစစ်ရေးဥက္ကဋ္ဌ Dr.အေးမောင်ဖြစ်လာ

**DVB ၊ မတ်လ ၇ ။** ။ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းရမယ့် ရေးကော်မတီလေးခုရဲ့ နောက်ဆုံးကော်မတီဖြစ်တဲ့ အစိုးရနဲ့ သမ္မတတွေရဲ့ ကတိတွေနဲ့ တာဝန်ခံထားတာတွေကို စိစစ်ရမယ့် ရေးရာကော်မတီကို ဖွဲ့စည်းဖို့ လွှတ်တော်ဥက္ကဋ္ဌတွေက အဆိုတင်သွင်းတဲ့နေရာမှာ ရခိုင်တိုင်းရင်းသားများတိုးတက်ရေးပါတီက ဒေါက်တာအေးမောင်က အမျိုးသားလွှတ်တော်ရဲ့ကော်မတီဥက္ကဋ္ဌ ဖြစ်လာပါတယ်။

အဖွဲ့ဝင် ၁၅ ဦးပါမယ့် ဒေါက်တာအေးမောင် ဦးဆောင်မယ့် ဒီကော်မတီရဲ့အဖွဲ့ဝင်တွေအဖြစ် တိုင်းရင်းသားနဲ့ အရပ်သားပါတီတွေက ကိုယ်စားလှယ် ၇ ဦးနဲ့ ကြံ့ခိုင်ရေးပါတီက ၈ ဦး ပါဝင်ထားပြီး တပ်မတော်သားတွေမပါဝင်ဘူးလို့အစည်းအဝေးတက်နေတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးဘုန်းမြင့်အောင်က ဆိုပါတယ်။ အောက်လွှတ်တော်လို့ခေါ်တဲ့ ပြည်သူ့လွှတ်တော်ရဲ့ ရေးရာကော်မတီမှာလည်း အဖွဲ့ဝင် ၁၅ ဦးရှိမှာဖြစ်ပြီး အဲ့ဒီမှာတော့ တိုင်းရင်းသားနဲ့ အရပ်သားပါတီတွေက ကိုယ်စားလှယ်တွေ ၄ ဦးလောက်ပဲ ပါဝင်ခွင့်ရပြီး ကော်မတီဥက္ကဋ္ဌကတော့ လက်ရှိလူဝန်မှုကြီးကြပ်ရေး ဒုဝန်ကြီးဦးဝင်းစိန်ဖြစ်လာတယ်လို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းညွှန့်က ဆိုပါတယ်။

လွှတ်တော်တခုကို ရေးရာကော်မတီ ၄ ခုဆီ ဖွဲ့စည်းတဲ့နေရာမှာ လွှတ်တော်နှစ်ရပ်ပေါင်းမှာ ရေးရာကော်မတီ ၈ ခုရှိနေပြီး အဲ့ဒီထဲက အထပ်လွှတ်တော်ရဲ့ အစိုးရနဲ့ သမ္မတတွေရဲ့ ကတိတွေနဲ့ တာဝန်ခံထားတာတွေကို စိစစ်ရမယ့် ကော်မတီရဲ့ ဥက္ကဋ္ဌအဖြစ် တိုင်းရင်းသားအမတ်တဦးပါဝင် ခွင့်ရလာတဲ့အပေါ်ကို ဦးဘုန်းမြင့်အောင်က အခုလို မှတ်ချက်ပေးပြောဆိုပါတယ်။

"အဓိကတော့ ကျနော်တို့ မြင်တာကတော့ အရင်တုန်းက ကော်မတီသုံးရပ်ကို ပြည်ခိုင်ဖြိုးကပဲ ဥက္ကဋ္ဌယူထားတယ်။ အခု ဒီကော်မတီကတော့အစိုးရလုပ်ငန်းတွေ စိစစ်ရမယ်ဆိုတော့ ပြည်ခိုင်ဖြိုးက သမ္မတကြီးက အစိုးရအဖွဲ့နဲ့သူနဲ့။ အခုက ပြည်ခိုင်ဖြိုးက မဟုတ်တဲ့ပါတီက လူတယောက်နဲ့ စိစစ်ရေးကော်မတီနဲ့ဆိုတော့ check and balances ဆိုတော့ မြင်ရတွေ့ရတာ ပိုကောင်းတာပေ့ါ။" လွှတ်တော်အစည်းအဝေးတွေကို ၈ ရက်နေ့မှာ ရပ်နားထားမှာဖြစ်ပြီး ၉ ရက်နေ့ ပြန်လည် ပြုလုပ်မှာဖြစ်ပါတယ်။

# လွှတ်တော်ကိုယ်စားလှယ်များ၏ မေးခွန်းများ လိုချင်သောအဖြေမရဟုဆို

**RFA । မတ်လ ၉ ။** ။ ပြည်သူ့လွှတ်တော် စည်းဝေးပွဲကို မတ်လ ၉ ရက် ဒီကနေ့ဆက်လက်ကျင်းပရာမှာ လွှတ်တော်ကိုယ်စားလှယ် တဦး နှစ်ဦးက လယ်ယာမြေသိမ်းဆည်းခံနေရတာတွေ၊ လယ်မြေပိုင်ဆိုင်ခွင့် ပြုဖို့ကိစ္စတွေ မေးမြန်းတာကို စစ်အစိုးရရဲ့ လယ်ယာ စိုက်ပျိုးရေးဝန်ကြီး ဗိုလ်ချုပ်ဟောင်းဦးဌေးဦးက လယ်ယာကိစ္စတွေအားလုံးကို ဥပဒေ ဘောင်ထဲကနေ ဆောင်ရွက်ခဲ့တယ်လို့ ပြန်လည်ဖြေကြားခဲ့ကြောင်း သိရပါတယ်။

၂၀၁၀ ရွေးကောက်ပွဲကျင်းပပြီးနောက် အမျိုးသားလွှတ်တော် နှင့် ပြည်ထောင်စုလွှတ်တော် နှစ်ရပ်ပေါင်းကျင်းပသော ပထမဆုံးလွှတ်တော် အစည်းအဝေးကို နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ သစ်တွင် ဇန်နဝါရီ ၃၁ ရက်နေ့က ပြုလုပ်နေသည်ကို MRTV 4 ရုပ်မြင်သံကြားမှ ထုတ်လွှင့် ပြသခဲ့ပါသည်။

၁၉၆၃ ခုနှစ် လယ်ယာမြေဥပဒေနဲ့ ၁၉၅၈ လယ်ယာမြေ ဥပဒေတွေအရ လုပ်ကိုင်တာဖြစ်တယ်လို့ ဝန်ကြီးဦးဌေးဦးက ပြောဆိုတာလို့ ပြည်သူ့လွှတ်တော် တက်ရောက်နေတဲ့ NDF ပါတီအမတ် ဦးကြည်မြင့်က ပြောပါတယ်။

"သီပေါမဲဆန္ဒနယ်က ဦးရဲထွန်းပေါ့နော်၊ သူက လယ်ယာမြေပိုင် ဆိုင်ခွင့်ကို မေးတာကိုလည်း ခုနက ဦးဌေးဦးပဲ ဖြေတယ်။ ရွာငံမဲဆန္ဒ နယ်က ဦးအောင်သိန်း၊ သူကနေပြီးတော့ မြေလွတ်မြေရိုင်းတွေဖော် ထုတ်ရေးစီမံချက်နဲ့ပတ်သက်တာပေါ့ဗျာ၊ အဲဒါတွေက သူတို့ကျေးရွာ တွေ နည်းနည်းပါးပါးထိတဲ့ကိစ္စ ဘာညာအထိထည့်ပြီးတော့ မေးတယ် ပေါ့။ ဦးဌေးဦးပဲဖြေတယ်လေ။ အဲဒီမှာ ဦးရဲထွန်းကမေးတဲ့ ဥစ္စာကို ဖြေတာကို မကျေလည်တော့ နောက်တခါ သူထပ်မေးတယ်။ ထပ်မေး ပြီးတော့ထပ်ဖြေတယ်။ ထပ်ဖြေပြီးတဲ့ နောက်မှာမှနောက်ထပ် မရှင်း သေးတဲ့ဟာရှိရင်တော့ စာရေးပြီးတော့ မေးပါ၊ ပြန်ဖြေပေးပါမယ်လို့ လွှတ်တော် ဥက္ကဋ္ဌ ဦးသူရရွှေမန်းက ပြောတယ် လေ။"

"အဲ ဦးဌေးဦးက ၆၃ လယ်သမား အခွင့်အရေး ကာကွယ်ရေးတို့၊ သီးစားချထားရေးတို့ ဥပဒေတို့က သူ့အရ သူက အလုပ်လုပ်တာကိုး။ ဒါတွေက ဆက်ရှိနေသေးတာကိုး။ တောင်သူလယ်သမားကလည်း မထိခိုက်အောင်ပေါ့လေ။ ပြီးတော့ကာ မြေရိုင်းတွေကို သူတို့ ဖော်ထုတ် ပြီးတော့ ပုဂ္ဂလိကတွေလုပ်တာပါ ဆိုတာမျိုးတွေပေါ့လေ၊ လုပ်ပိုင်ခွင့် လည်းရှိတယ်ဆိုတဲ့ အကြောင်းလေးတွေပေါ့။ လူကြီးတွေက ဖြေကြ ပြောကြပါတယ်။ နောက်တခါ ၅၈ မှာ သူက လယ်ယာမြေကို နိုင်ငံပိုင် ပြုလုပ်ရေးဆိုတဲ့ ဥပဒေမျိုးရှိတယ်လေ။ အဲဒီ ဥပဒေနဲ့လည်း သူက ဘောင်ဝင်အောင်တော့ လုပ်ခဲ့တယ်လေ။"

ရခိုင်ပြည်နယ် မြောက်ဦးမဲဆန္ဒနယ် အမတ်ဦးအောင်ထွန်းသာ က မြောက်ဦးမြို့ရဲ့ ရှေးဟောင်းအမွေအနှစ်တွေကို ယူနက်စကို လက် အောက်မှာ ရှေးဟောင်းအမွေအနှစ်အဖြစ် သတ်မှတ်ပေးဖို့ကိစ္စကို စစ် အစိုးရရဲ့ ယဉ်ကျေးမှုဝန်ကြီး ဦးခင်အောင်မြင့်က အနာဂတ်မှာ အလျဉ်း သင့်သလို ဆောင်ရွက်ပေးမယ်လို့ ပြန်လည်ဖြေကြားခဲ့တယ်လို့ဆိုပါ တယ်။

အလားတူပဲ အမျိုးသားလွှတ်တော်မှာ NDF ပါတီအမတ် ဒေါက်တာမြတ်ဉာဏစိုး မေးမြန်းတဲ့ မြန်မာနိုင်ငံက တယ်လီဖုန်းနှုန်း ထား တွေ ကြီးမြင့်နေတဲ့ ကိစ္စကို စစ်အစိုးရ ဆက်သွယ်ရေးဝန်ကြီးက ဖြေဆိုတဲ့အခါမှာ ကိုယ်စားလှယ်တွေလိုချင်တဲ့ အဖြေမရကြဘူးလို့ NDF ပါတီ အမတ် ဦးဘုန်းမြင့်အောင်က ပြောပါ တယ်။

"ပထမ မေးခွန်းက ဒေါက်တာမြတ်ဉာဏစိုးက တယ်လီဖုန်း စနစ်ပေါ့၊ နောက် ကျွန်တော်တို့ကချင်ပြည်နယ်က ဦးစံထွန်းက အင်တာ နက်စနစ်၊ နောက် ဦးပေါ်ထန်ထိုင်းက ထန်တလန် မြို့နယ်မှာတဲ့ သူက ဒီ အဲဒီမှာရှိတဲ့ မြို့က ဒီမြို့တွင်းတော့ ဆက်သွယ်လို့ ရပြီးတော့ ပြင်ပ နိုင်ငံခြားဖုန်းတွေ ခေါ်လို့မရတယ်ဆိုတဲ့အကြောင်းပေါ့။ အဲဒီ သုံးခုကို မေးတာကို ဆက်သွယ်ရေးဝန်ကြီးက ဖြေသွားတယ်ဗျ။"

"ကိုမြတ်ဉာဏစိုး မေးတာကတော့ဗျာ၊ အဓိကတော့ ဒီတယ် လီဖုန်း ဟင်းဖုန်းတွေမှာ နိုင်ငံတကာ စနစ်အတိုင်း မကောက်ပဲနဲ့ ဖုန်း ကို အခမဲ့ပေးပြီးတော့ ဒီ ဝေတန်ဖိုးကိုပဲ ကောက်ဖို့ ပြောတာပေါ့။ ဒါပေ မဲ့ ဝန်ကြီးကတော့ အဲဒီ ကိစ္စကို လုပ်ပေးမယ်လို့ မပြောနိုင်ပါဘူး။ ဒါ တွေနဲ့ပတ်သက်လို့ ကျွန်တော်တို့ သူ လျှော့ပေါ့ပြီး ဖြေမယ်ထင်တာ အဲဒီအဖြေတွေ ကျွန်တော်တို့ မရပါဘူး။"

မနေ့က တင်သွင်းထားတဲ့ အဆိုတွေကို လက်ခံဆွေးနွေးဖို့ကို ဒီကနေ့အတည်ပြုလိုက်ပြီး မနက်ဖြန် မတ်လ ၁၀ ရက်မှာ အဲဒီအဆို တွေ ဆက်လက် ဆွေးနွေးမယ်လို့ သိရပါတယ်။

# မီးသတ်ဆေးဘူး ဈေးတင်ရောင်း

**DVB । မတ်လ ၉ ။** ။ မန္တလေးတိုင်း မိတ္ထီလာမြို့မှာ မီးသတ်ဦးစီးဌာနက မြို့ ပေါ်က ဆိုင်တွေကို မီးသတ်ဆေးဘူး အပြင်ပေါက်ဈေးထက် အဆမတန် ဈေး တင်ရောင်းပြီး မဝယ်တဲ့သူတွေကို မြို့ ပြင်ပြောင်းခိုင်းနေပါတယ်။

ခတ်ဆီအရောင်းဆိုင်တွေ၊ ဂက်စ်အိုးအရောင်းဆိုင်၊ စားသောက်ဆိုင် တွေနဲ့ စက်မှုလက်မှုလုပ်ငန်း လုပ်ကိုင်သူတွေကို မီးဘေးကြိုတင်ကာကွယ်ရေး အတွက်ဆိုပြီး ပြီးတဲ့အပတ်ကစလို့ ရောင်းနေတာဖြစ်ပါတယ်။ မီးသတ်ဌာနက သုံးသောင်းခွဲနဲ့ရောင်းနေတဲ့အမျိုးအစားတူ မီးသတ်ဆေးဘူးဟာ အပြင်ပေါက် ဈေးထက် ကျပ်တသောင်းခွဲပိုများတာကြောင့် လုပ်ငန်းရှင်တချို့က မဝယ်ကြဘူး လို့ လုပ်ငန်းရှင်တဦးက ပြောပြပါတယ်။

"မဝယ်တဲ့လူဆိုရင် သူတို့ ဘယ်လို ပြန်လုပ်သလဲဆိုရင် ကျနော်တို့ဆီ ကို စာမချဘဲနဲ့မယကကို ဟိုဆိုင်တွေ ဒီဆိုင်တွေက မီးဘေးအန္တရာယ်နဲ့မညီ ညွတ်ဘူးဆိုပြီးတော့ မြို့ ပြင်ထုတ်ဖို့ သူတို့က ညွှန်ကြားတယ်။"

မီးဘေးအန္တရာယ်နဲ့မညီညွတ်တဲ့ဆိုင်တွေကို မြို့ ပြင်သတ်မှတ်နေရာ တွေမှာထွက်ပြီး အလုပ်လုပ်ပါဆိုပြီးတော့ မယကက မနေ့က စာထုတ်ထား တယ်လို့ဆိုပါတယ်။ မီးသတ်ဌာနထံက ဈေးကြီးပေးပြီး မီးသတ်ဆေးဘူးဝယ်သူ တွေကတော့ ဝင်ငွေကောင်းတဲ့ တရားမဝင် ခတ်ဆီ ရောင်းသူတွေ၊ စားသောက် ဆိုင်တွေကသာ အဝယ်များတယ်လို့ မိတ္ထီလာမြို့ စက်မှုလုပ်ငန်းရှင်တဦးက ပြောပါတယ်။

အာဏာပိုင်အတွေအနေနဲ့ အခုလို မြို့ ပြင်ထွက်ခိုင်းတဲ့အတွက် သူ့ အနေနဲ့ သူ့ရဲ့လုပ်ငန်းကို ဆက်မလုပ်တော့တဲ့အကြောင်းပြောပြီး လုပ်ငန်းတွေ ကို ရပ်ထားလိုက်တယ်လို့ဆိုပါတယ်။ အလားတူ မနှစ်တုန်းက ပဲခူးတိုင်း ဒိုက် ဦးမြို့မဈေးမှာလည်း ဈေးတာဝန်ရှိသူတွေက မီးသတ်ဆေးဘူးကို အဆမတန် ဈေးတင်ပြီးရောင်းတာကို ဈေးသည်တွေ က မကျေမနပ် တုံ့ပြန်ခဲ့ပြီးတဲ့နောက် အစီအစဉ် ပျက်ခဲ့ဖူးပါတယ်။

# စေ့စပ်ဆွေးနွေးရေး ဆိုရာဝယ်

**ယခင်အပတ်အဆက်**

**ခင်မမမျိုး**

ဒီအဆင့်မှာ ထူးခြားတာက Track I ခေါင်းဆောင်တွေကိုယ်တိုင် စေ့စပ်ဆွေး နွေးရေးအတွက် ပြင်ဆင်မှုတွေ စတင်ပြုလုပ်လာလေ့ ရှိတာ ဖြစ်ပါတယ်။ ဒီအဆင့်မှာ Track I ခေါင်းဆောင်တွေ ရွေးချယ်စဉ်း စားလေ့ရှိတဲ့ substantive and procedural considerations တွေကို ပညာရှင်တွေက သုတေသနပြု လေ့လာကြရာမှာ အချက်ကြီးသုံးချက် ကို တွေ့ခဲ့ကြပါတယ်။

ချဉ်းကပ်နည်းလမ်း-

စေ့စပ်ဆွေးနွေးရာမှာ ဘယ်လို issues တွေကို ဆွေးနွေးမှာလဲ။ ပါဝင်မယ့်လူမျိုးစုတွေ၊ အာဏာပိုင်အဖွဲ့အစည်း တွေ၊ အတိုက်အခံအ ဖွဲ့အစည်းတွေရဲ့ positions တွေ က ဘာတွေလဲ။ အကျိုးစီးပွားက ဘာ တွေလဲ။စေ့စပ်ဆွေးနွေးခြင်းဖြင့် အားလုံးအတွက် အကျိုးကျေးဇူးရှိမယ့် အခွင့်အလမ်းတွေက ဘယ်မှာလဲ။

ပါဝင်သူများ-

စေ့စပ်ဆွေးနွေးရေးစားပွဲပေါ်ကို ရောက်လာမယ့် stakeholders တွေက ဘယ်သူတွေ ဖြစ်မလဲ။ ဘယ်လို ကျွမ်းကျင်နားလည်သူတွေ ပါဝင်ဖို့လိုအပ်သလဲ။ ပါဝင်သူတွေရဲ့ ကိုယ်ရေးရာဇဝင်တွေ၊ တွေ့ဆုံ ဆွေးနွေးမှုဆိုင်ရာ အလေ့အထတွေက ဘာတွေလဲ။ ဘယ်လို ညွန့် ပေါင်းအဖွဲ့အစည်းတွေကို ဖွဲ့နိုင်မယ့် အလားအလာရှိနိုင်သလဲ။

တွန်းအား-

ဘယ်လိုစံနှုန်းနဲ့ သဘောထားတွေကို အင်အားစုတွေကလက် ခံကြသလဲ။ စံနှုန်းတွေ ကျင့်သုံးနိုင်အောင် ဘယ်လို re-framing လုပ် မလဲ။

တခါတရံမှာ Track I ခေါင်းဆောင်တွေက စေ့စပ်ဆွေးနွေးမှု ဆိုင်ရာ pre-conditions တွေကို ကြေညာချက်တွေထုတ်ပြီးသတ် မှတ်လေ့ရှိကြပါတယ်။ Pre-conditions တွေဆိုတာ စေ့စပ်ဆွေးနွေး မှုဖြစ်စဉ်ကို နှောင့်နှေးစေတဲ့ အရာတွေ ဖြစ်ပါတယ်။ စေ့စပ်ဆွေးနွေး ကြမယ့် အင်အားစုတွေအကြား တိုးတိုးတိတ်တိတ် ညှိနှိုင်းကြရမယ့် အရာတွေဖြစ်ပါတယ်။ အမှန်တကယ် စေ့စပ်ဆွေးနွေးအဖြေရှာ ရေးကို ဦးတည်ဆောင်ရွက်တဲ့အခါ စတိတ်မင့်ထုတ်ပြီး pre-cond itions ချပေးတဲ့နည်းဗျူဟာကို အသုံးပြုလို့မရပါဘူး။ ရလဒ်က စေ့စပ် ဆွေးနွေးရေးကို မဦးတည်ပဲ political deadlock ဖြစ်စေ နိုင်ပါတယ်။

သို့ပေမယ့်ဒီနည်းဗျူဟာက diplomatic cover ရစေတဲ့အတွက် အတိုက်အခံအင်အားစု အချို့က သုံးလေ့ရှိပါတယ်။ စတိတ်မင့်ထုတ်ပြီး pre-conditions သတ်မှတ်တာကို အာဏာပိုင်တွေဘက်က စေ့စပ် ဆွေးနွေးဖို့ အမှန်တကယ် ရည်ရွယ်ချက်ရှိတယ်လို့ သုံးသပ်လေ့မရှိ ပါဘူး။ အာဏာပိုင်တွေဘက်ကို နိုင်ငံတကာ ဖိအားတိုးလာအောင်၊ အတိုက်အခံဘက်မှာ diplomatic cover ရလာအောင် ကြိုးပမ်းတဲ့ threat လို့ပဲယူဆပါတယ်။ ဒီလိုနည်းဗျူဟာကို တခြားနိုင်ငံရေးအဆင့် တွေမှာ အသုံးပြုရင် political deadlock ဖြစ်ပြီး၊ စေ့စပ်ဆွေးနွေး ရေးဖြစ်စဉ် Phase III မှာ သုံးလိုက်ရင်တော့ ဖြစ်စဉ်တခုလုံးကိုပျက် စီးသွားစေတတ်တဲ့အတွက် စေ့စပ်ဆွေးနွေးအဖြေရှာရေးကို အမှန် တကယ်လိုလားတဲ့ အတိုက်အခံခေါင်းဆောင်တွေ အထူးသတိပြုကြ ဖို့လိုအပ်ပါတယ်။ အလားတူပါပဲ။ အာဏာပိုင်တွေ ဘက်ကလဲစေ့စပ် ဆွေးနွေးအဖြေရှာရေးကို တကယ်လိုလားတယ်ဆိုရင် pre-conditions သတ်မှတ်ချက်တွေကို ရှောက်ကြဉ်ရမှာ ဖြစ်ပါတယ်။

Phase III အဆင့်မှာ Track II - III ခေါင်းဆောင်တွေ လုပ်ဆောင်ရမယ့် လုပ်ငန်းတာဝန်တွေကိုလဲ ပညာရှင်တွေက လေ့လာ ဖော်ထုတ်ထားကြပါတယ်။ အဓိက လုပ်ငန်းတာဝန်တွေကတော့ စေ့စပ် ဆွေးနွေးပွဲမှာ ပါဝင်ဆွေးနွေးသူများအကြား အပြုသဘောဖြင့် ဆက်ဆံကြမည့် ဒိုင်ယာလော့ခ် အခင်းအကျင်းဖြစ်အောင် ဖန်တီးပေး ခြင်းတိုင်းပြည်အနာဂတ်အတွက် အရေးကြီးသော ပြဿနာများကို ဖြေရှင်းရန် စေ့စပ်ဆွေးနွေးပွဲတွင်ပါဝင်သူများ သဘောတူညီထား သည့် အချက်အလက်များကို လေ့လာသုံးသပ်၍ ဆက်ဆံရေးပျက် ပြယ်နိုင်သော အခြေအနေများတွင် ဝင်ရောက်ထိန်းသိမ်းပေးခြင်း စေ့စပ်ဆွေးနွေးပွဲ ပျက်ပြားစေနိုင်သည့်အဖျက်သဘော ဆက်ဆံရေး အခြေအနေများ ဖြစ်ပွားလာပါက အဆိုပါဆက်ဆံရေးအခြေအနေ များကြောင့် မည်သို့သောအလားအလာများပေါ်ပေါက်စေနိုင်သည်ကို လေ့လာဆန်းစစ်ပြီး စေ့စပ်ဆွေးနွေးအဖြေရှာရေးလမ်းစဉ်ကိုထိပ်ပိုင်း ခေါင်းဆောင်များ ဆက်လက်စွဲကိုင်မည့် အခြေအနေများ ဖန်တီးပေး ခြင်းစတာတွေ ဖြစ်ပါတယ်။

ဒီအဆင့်မှာအရေးကြီးဆုံးကတော့လိုအပ်မယ့်အပေးအယူတွေ ဖော်ထုတ်ခြင်း၊ common ground ရှာဖွေခြင်းနဲ့ consensus ရအောင် ပြုလုပ်ခြင်းတို့ပဲ ဖြစ်ပါတယ်။

Phase Four: Scenario Building and Negotiation

ဒီအဆင့်မှာ Track I ခေါင်းဆောင်တွေအကြား တရားဝင်စေ့ စပ်ဆွေးနွေးမှုတွေ စတင်လာပြီဖြစ်ပါတယ်။ Track II- III ခေါင်း ဆောင်တွေအနေနဲ့လဲ စေ့စပ်ဆွေးနွေးပွဲ ပျက်ပြားသွားစေမယ့်အခြေ အနေတွေ မဖြစ်ပွားလာအောင် အထူးအာရုံစိုက်ရမယ့်အဆင့်ဖြစ်ပါ တယ်။ စေ့စပ်ဆွေးနွေးကြရမှာ Track I ခေါင်းဆောင်တွေအနေနဲ့ နိုင်ငံရေးအရဆီလျော်ပြီး၊ လက်တွေ့မှာလဲ အကောင်အထည်ဖော် လို့ရမယ့် သဘောတူညီချက်တွေ ပေါ်ထွက်လာအောင်ဦးတည်ကြိုး ပမ်းကြရမှာဖြစ်ပါတယ်။ Track II – III ခေါင်းဆောင်တွေကတော့ ကျင်းပနေဆဲ စေ့စပ်ဆွေးနွေးပွဲတွေရဲ့ အခြေအနေကို လေ့လာသုံးသပ် တာတွေ၊ စေ့စပ်ဆွေးနွေးပွဲပျက်ပြားစေနိုင်မယ့် အခြေအနေတွေကို စောင့်ကြည့်ထိန်းချုပ်တာတွေ၊ ပျက်ပြားစေမယ့်အခြေအနေတွေကို ဖယ်ရှားနိုင်မယ့်နည်းလမ်းတွေကိုရှာဖွေဆောင်ရွက်တာတွေ၊ Track I ခေါင်းဆောင်တွေက တဘက်ကအခြေအနေကို တီးခေါက် လိုတဲ့အခါ မှာ float trial balloons အနေနဲ့ ဆောင်ရွက်ပေးတာတွေကို ပြုလုပ် ရမှာဖြစ်ပါတယ်။ စေ့စပ်ဆွေးနွေးပွဲမှာ အသုံးပြုကြတဲ့ Policy frame work အသီးသီးမှာ သက်ဆိုင်ရာ ကျွမ်းကျင်ပညာရှင်တွေက work ing group တွေ တည်ဆောက်ပြီး လိုအပ်တာဖြည့်ဆည်းပေးဖို့လို အပ်ပါတယ်။

**ဆက်လက်ဖော်ပြပါမည်**

# ဂျပန်ငလျင်နဲ့ ဆူနာမီကြောင့် သေဆုံးသူ သောင်းဂဏန်းအထိရှိနိုင်

**RFA ၊ မတ်လ ၁၃ ။** ။ ဂျပန်နိုင်ငံမှာ သောကြာနေ့က လှုပ်ခဲ့တဲ့ ငလျင်ဒဏ်ကြောင့် မီယာဂီ (Miyagi) ခရိုင်တခုအတွင်းမှာတင် သေဆုံးသူအရေအတွက်ဟာ ၁၀,၀၀၀ ကျော်နိုင်တယ်လို့ အာဏာပိုင်တွေကပြောပါတယ်။ ဝန်ကြီးချုပ် နာအိုတို ခန် (Naoto Kan) ကလည်း သေဆုံးသူအရေအတွက်ဟာ ဒီ့ထက်ထပ်တိုးနိုင်တယ်လို့ ပြောပါတယ်။

တနင်္ဂနွေနေ့က ကျိုဒိုသတင်းဌာနက တနိုင်ငံလုံး အတိုင်းအတာနဲ့ပြုလုပ်ခဲ့တဲ့ စစ်တမ်းအရ လောလောဆယ် သေဆုံးသူ၊ ဒါမှမဟုတ် ပျောက်ဆုံးသူအရေအတွက်ဟာ ၂,၀၀၀ ရှိတယ်လို့ဆိုပါတယ်။ လူပေါင်း ၂၁၀,၀၀၀ ကျော်လည်း အရေးပေါ်ကယ်ဆယ်ရေးဌာနကို ပို့ထားရတယ်လို့ ရဲက ပြောပါတယ်။

ဒီအတောအတွင်း ဒီငလျင်ဒဏ်ဟာ ဒုတိယကမ္ဘာစစ်နောက်ပိုင်း ဂျပန်နိုင်ငံသမိုင်းမှာ အဆိုးရွားဆုံးအခက်အခဲဖြစ်တာကြောင့် ပြည်သူလူထုအနေနဲ့ ဒီအခက်အခဲကို ကျော်လွှားနိုင်ရေးအတွက် ညီညွတ်ကြဖို့ ဝန်ကြီးချုပ် နာအိုတိုခန်က တိုက်တွန်းလိုက်ပါတယ်။

သောကြာနေ့က တိုကျိုမြို့ မြောက်ပိုင်းမှာ ငလျင်လှုပ်ပြီးနောက်ပိုင်း နျူကလီးယားဓာတ်အားပေးစက်ရုံတွေ ပျက်ဆီးမှုရှိခဲ့တဲ့အပေါ် အင်ဂျင်နီယာတွေက စစ်ဆေးနေတဲ့ကာလအတွင်း လျှပ်စစ်မီးပြတ်တောက်မယ့် အလားအလာရှိနေတာကိုလည်း တနင်္ဂနွေညက တိုင်းပြည်ကို ပြောကြားတဲ့မိန့်ခွန်းထဲမှာ ဝန်ကြီးချုပ်က ထည့်သွင်းပြောကြားခဲ့ပါတယ်။ လာမယ့် သီတင်းပတ်အနည်းငယ်အတွင်း ပြည်သူလူထုရဲ့ စွန့်လွှတ်အနစ်နာခံမှုက တိုင်းပြည်ရဲ့ အနာဂတ်အတွက်အဆုံးအဖြတ်ပေးလိမ့်မယ်လို့လည်း ဝန်ကြီးချုပ်က သူ့မိန့်ခွန်းထဲမှာထည့်ပြောသွားခဲ့ပါတယ်။

ဒီအတောအတွင်း ဖူကူယာမာ (Fukuyama) နျူကလီးယားဓာတ်အားပေးစက်ရုံရဲ့ အအေးဓာတ်ပေးတဲ့ စက်ထဲကို အင်ဂျင်နီယာတွေက ပင်လယ်ရေတွေ စုပ်ထည့်နေတယ်လို့ ဂျပန်အစိုးရ ပြောခွင့်ရပုဂ္ဂိုလ်က တနင်္ဂနွေနေ့မှာပြောပါတယ်။ မနေ့က စနေနေ့မှာ ပေါက်ကွဲမှုဖြစ်ပွားခဲ့ပြီး အဲဒီဓာတ်အားပေးစက်ရုံရဲ့ ပြင်ပနံရံတွေ ပျက်ဆီးသွားခဲ့ပေမဲ့ ပင်မကိုယ်ထည်ကြီးကတော့ ဒီအတိုင်းပဲရှိနေသေးတာကြောင့် အတွင်းပိုင်းမှာ ဘယ်တိုင်းအတာအထိ ပျက်ဆီးတယ်ဆိုတာကျွမ်းကျင် သူတွေ သိနိုင်ဖို့ အခက်အခဲနဲ့ ကြုံနေရပါတယ်။

အစောပိုင်းတုန်းကတော့ စက်ရုံအပြင်မှာ ရေဒီယို ဓာတ်သတ္တုကြွဓာတ်တွေဟာ သတ်မှတ်စံချိန်ထက် အဆပေါင်း ၄၀၀ လောက်များနေတာကိုတွေ့ရတယ်လို့ အစိုးရကပြောပါတယ်။ အဲဒီလိုရေဒီယိုဓာတ်သတ္တုယိုထွက်လာတာကြောင့် အနည်းဆုံးလူပေါင်း ၁၉ ယောက် ရေဒီယိုဓာတ်သတ္တုတွေနဲ့ထိတွေ့ခဲ့ပြီး အဲဒီအရေအတွက်ဟာ ၁၆၀ ယောက်အထိရှိကောင်းရှိနိုင်တယ်လို့ အာဏာပိုင်တွေက ပြောပါတယ်။

---

# လူထုနည်း အကောင်းဆုံးဟု ဒေါ်စုဆို

**RFA ၊ မတ်လ ၈ ။** ။ နိုင်ငံအတွင်း အပြောင်းအလဲတွေအတွက် လူထုကိုယ်တိုင် ပါဝင်တဲ့နည်းဟာ အစကောင်းတဲ့ နည်း၊ သေချာတဲ့နည်းဖြစ်တယ်လို့ ဒေါ်အောင်ဆန်းစုကြည်က မတ်လ ၉ ရက် ဒီကနေ့ NLD ပါတီ၊ ဧရာဝတီတိုင်း စည်းရုံးရေး ကော်မတီဝင်တွေကို ပြောကြားလိုက်ပါတယ်။

ဒီကနေ့ ပြုလုပ်တဲ့ ပြည်နယ်တိုင်း စည်းရုံးရေးကော်မတီဝင်တွေနဲ့ တွေ့ဆုံပွဲမှာ NLD ပါတီရဲ့ အကြမ်းမဖက်နည်းနဲ့ တွေ့ဆုံဆွေးနွေးရေးပေါ်လာအောင် ဆောင်ရွက်ချက်နဲ့ပတ်သက်ပြီး နှစ်ပေါင်း ၂၀ ကျော်ခဲ့ပြီးဖြစ်ပေမဲ့ ရလဒ်အပေါ် လူထုက အားမရဖြစ်နေတယ်ဆိုတဲ့ မေးခွန်းကို ဒေါ်အောင်ဆန်းစုကြည်က ခုလိုဖြေကြားခဲ့တာပါ။

အစည်းအဝေးမှာ ဧရာဝတီတိုင်းအတွင်း မြို့နယ်၂၀က ပါတီဝင် ကိုယ်စားလှယ်တွေက တိုင်းအတွင်း လူထုကြုံတွေ့နေရတဲ့လူမှုရေး၊ စီးပွားရေးနိုင်ငံရေး စတဲ့အခက်အခဲပေါင်းစုံကိုတင်ပြသလို မေးခွန်းတွေလည်း မေးခဲ့တာဖြစ်ပါတယ်၊ မေးမြန်းလာတဲ့ မေးခွန်းများနဲ့ တင်ပြချက်များကို ပါတီဒုဥက္ကဋ္ဌဦးတင်ဦး၊ အထွေထွေအတွင်းရေးမှူး ဒေါ်အောင်ဆန်းစုကြည်နဲ့ဦးဝင်းတင်တို့က ပြန်လည်ဖြေကြား ခဲ့ပါတယ်။ ပါတီ ပြန်ကြားရေးတာဝန်ခံ ဦးအုန်းကြိုင်က ဒေါ်အောင်ဆန်းစုကြည်ရဲ့ တိုက်တွန်း ပြောကြားချက်တခုကို ခုလိုပြောပြပါတယ်။

"မြို့နယ်စည်းတွေကလူထုထဲကိုဆင်းပါ၊ ပြည်သူလူထုရဲ့အခက်အခဲတွေကိုလေ့လာပါ၊ လေ့လာပြီးတော့ ဘာကိုကူညီနိုင်သလဲဆိုတာကို နည်းလမ်းရှာပြီးတော့ ကူညီကြပါလို့ အဲဒီလိုတိုက်တွန်းလိုတဲ့အကြောင်း အဲဒီကနေပြီးတော့ပဲ ကျွန်တော်တို့ စည်းရုံးရေးအောင်မြင်အောင်လုပ်ဆောင်ပြီး ဒီမိုကရေစီရတဲ့အထိ ဆက်လက်ပြီးဆောင်ရွက်သွားမယ်ဆိုတဲ့အကြောင်း တိုက်တွန်း ပြောကြားတာ ဖြစ်ပါတယ်။"

---

# ချင်းပြည် ဘိန်းစိုက်ပျိုးမှု ပိုမိုများပြား

**DVB ၊ မတ်လ ၈ ။** ။ ချင်းပြည်နယ်မြောက်ပိုင်းမှာ နအဖစစ်တပ်နဲ့ နယ်လှည့်ရဲတွေကို အလျှော်သင့်သလို ငွေပေးပြီးတော့ ဘိန်းကို လွတ်လပ်စွာ စိုက်ပျိုးနေကြတယ်လို့ သိရပါတယ်။

ချင်းပြည်နယ်မြောက်ပိုင်း တွန်းဇံမြို့နယ်ထဲမှာ ဒေသခံတွေက ဘိန်းခင်းတထောင်လောက် စိုက်ပျိုးဖို့ ပြင်ဆင်နေတယ်လို့ ခေါ်နသုန် ချင်းသတင်းစဉ် လက်ထောက်အယ်ဒီတာ ဆလိုင်းရောဘတ်က ပြောပါတယ်။

"သူတို့ တောင်ယာတွေရှင်းနေပြီ။ မတ်လထဲမှာ တောင်ယာတွေကို မီးရှို့ပြီးရင်တော့ သူတို့ ဘိန်းကို စတင်စိုက်တော့မှာပါ။ တွန်းဇံမြို့နယ်ခေမြို့နယ်ခွဲမှာကျတော့ ဟိုက်ကျင်း၊ ဝေါင်းတယ်ကျေးရွာ တို့မှာပေါ့၊ အဲဒါတွေကတော့ မဏိပူရနယ်စပ်ဘက်ကျတဲ့ ကျေးရွာတွေမှာ စိုက်ကြတယ်။"

ဒီနှစ်ထဲမှာ ဘိန်းစိုက်တဲ့အိမ်တအိမ်ကို တီးတိန်အခြေစိုက် နအဖစစ်တပ်က ဘိန်းစိမ်းတပိဿာတောင်းပြီး ရဲကတော့ ကျပ်ငွေ ၂ သောင်းကနေ ၃ သောင်းထိ ကောက်တယ်လို့ ခေါ်နသုန်သတင်းမှာ ဖော်ပြထားပါတယ်။ အဲဒီအပေါ် အယ်ဒီတာ ဆလိုင်းရောဘတ်က ပြောပါတယ်။

ဒေသခံရွာသူရွာသားတွေကလည်း တောင်ယာစပါးတွေစိုက်မယ့်အစား ဘိန်းခင်းက ပိုပြီးတော့အမြတ်ရပြီး စားဝတ်နေရေး ပိုအဆင်ပြေလို့ အခုလိုဘိန်းကို ပိုမိုစိုက်ပျိုးလာကြတာဖြစ်တယ်လို့ ဆလိုင်းရောဘတ်က ပြောပါတယ်။ တွန်းဇံမြို့နယ်မှာဒေသခံတွေက ဘိန်းကိုပိုမိုစိုက်ပျိုးလာသလို လူငယ်တွေကြားမှာ မူးယစ်ဆေးသုံးစွဲမှု ပိုများလာတယ်လို့ ဒေသခံတဦးက အခုလိုပြောပါတယ်။

"အသက် ၁၃ နှစ် နဲ့ ၁၇ ကြား လူငယ်တွေ အကုန်လုံးက ဘိန်းစွဲတာပေ့ါ။ မစမ်းဖူးတဲ့လူတယောက်မှ မရှိဘူး၊ လူငယ်တွေကြားထဲမှာပေ့ါ။ ၁၀ ယောက်မှာ ၆ ယောက်လောက်တော့ သေချာတယ်။"

# စုံစမ်းရေး ကော်မရှင်ဖွဲ့ဖို့ အဆိုပြုချက် ထောက်ခံတဲ့ ၂ နိုင်ငံထပ်တိုး

**VOA ၊ မတ်လ ၁၀ ။** ။ မြန်မာစစ်အစိုးရရဲ့ လူ့အခွင့်အရေး ချိုးဖောက်မှုတွေကို စုံစမ်းစစ်ဆေးရေးကော်မရှင်ဖွဲ့ စစ်ဆေးဖို့ ကုလသမဂ္ဂရဲ့ မြန်မာနိုင်ငံဆိုင်ရာ လူ့အခွင့်အရေးအထူးကိုယ်စားလှယ်က မနှစ်တုန်းက အထွေထွေညီလာခံမှာ တောင်းဆိုခဲ့တာကို ဒီနှစ် အစီရင်ခံစာထဲမှာလည်း ထပ်မံထည့်သွင်းတောင်းဆိုလိုက်ပါတယ်။ တချိန်တည်းမှာ ပဲ EU ဥရောပသမဂ္ဂအဖွဲ့ဝင် ဒိန်းမတ်နဲ့လတ်ဗီးယား နိုင်ငံတွေက ကုလသမဂ္ဂကော်မရှင်ဖွဲ့ စုံစမ်းစစ်ဆေးရေးကို ထောက်ခံလိုက်တာမို့ အခု Tomas Ojea Quintana) ရဲ့ အဆိုကို လက်ခံတဲ့ နိုင်ငံဟာ စုစုပေါင်း ၁၆ နိုင်ငံရှိသွားပြီဖြစ်ပါတယ်။ အပြည့်အစုံကို ဒေါ်ခင်မျိုးသက်က တင်ပြပေးထားပါတယ်။

ကုလသမဂ္ဂရဲ့ မြန်မာနိုင်ငံ လူ့အခွင့်အရေးဆိုင်ရာ အထူးကိုယ်စားလှယ်မစ္စတာကင်တားနားက မြန်မာစစ်အစိုးရဟာ လူမဆန်တဲ့ရာဇဝတ်မှုတွေနဲ့ စစ်ရာဇဝတ်မှုတွေ ကျူးလွန်နိုင်ခြေ ရှိတာမို့ ကုလသမဂ္ဂက ကော်မရှင်တရပ်ဖွဲ့ပြီး စုံစမ်းစစ်ဆေးဖို့ ပြီးခဲ့တဲ့ နှစ်တုန်းက အကြံပြုခဲ့သလို ဒီနှစ်မှာလည်း ထပ်ပြီး တောင်းဆိုလိုက်ပါတယ်။

"ပြီးခဲ့တဲ့ အောက်တိုဘာလတုန်းက နယူးယောက်ခ်မှာ ကျင်းပတဲ့ ကုလသမဂ္ဂ အထွေထွေညီလာခံကြီးမှာ ဒီအကြံပြုချက်ကို တင်ပြခဲ့ပြီးပါပြီ။ ဒီနှစ်ရဲ့ အစီရင်ခံစာမှာလည်း ဒါကိုဆက်ပြီး ကျနော်တိုက်တွန်းခဲ့တာက စိုးရိမ်ဖွယ်ရာ လူ့အခွင့်အရေးချိုးဖောက်မှုတွေရှိနေလို့ပါ။ ကမ္ဘာတဝန်းမှာ ဒီမိုကရေစီကူးပြောင်းရာမှာ လူ့အခွင့်အရေးချိုးဖောက်မှုပြဿနာကို အရင်ကိုင်တွယ် ဖြေရှင်းဖို့ လိုအပ်ပါတယ်။

"စစ်အာဏာရှင်စနစ်အောက်ရောက်ခဲ့တဲ့ ကျနော့်ရဲ့နိုင်ငံအာဂျင်တီးနားအပါအဝင် ကမ္ဘာ့နိုင်ငံတွေ အတော်များများမှာလူ့အခွင့်အရေးချိုးဖောက်မှုတွေ ရှိနေပါတယ်။ ဒီမိုကရေစီအသွင်ကူးပြောင်းတဲ့အခါမှာ တရားဥပဒေစိုးမိုးရေးနဲ့ ကျူးလွန်ခဲ့တဲ့ပြစ်မှုတွေအပေါ်တာဝန်ခံနိုင်ဖို့ သိပ်ကို အရေးကြီးပါတယ်။"

ဗုဒ္ဓဟူးနေ့က ထုတ်ပြန်ခဲ့တဲ့ အစီရင်ခံစာထဲမှာ မစ္စတာကင်တားနားက မြန်မာနိုင်ငံက လူ့အခွင့်အရေးအခြေအနေတွေဟာ အထူးစိုးရိမ်ရတဲ့ အနေအထားမှာရှိနေဆဲပဲလို့ ဖော်ပြထားပါတယ်။ မြန်မာစစ်အစိုးရအနေနဲ့ ပြီးခဲ့တဲ့နှစ်မှာ ရွေးကောက်ပွဲလုပ်ပြီး နိုင်ငံရေးပြုပြင်ပြောင်းလဲချင်တဲ့ ဆန္ဒရှိတာကိုပြသခဲ့တာမို့ ဒါဟာအကောင်းလက္ခဏာဆောင်ပေမဲ့ အခုထိ လူ့အခွင့်အရေးဆိုင်ရာ တိုးတက်မှုတွေမရှိသေးတဲ့အတွက် ကုလသမဂ္ဂစုံစမ်းရေးကော်မရှင်တရပ် ထူထောင်ပြီး စုံစမ်းစစ်ဆေးရေးဟာ မြန်မာစစ်အစိုးရပြောင်းလဲလာစေမယ့် ရွေးချယ်စရာနည်းလမ်းတခု ဖြစ်တယ်လို့လည်း ဆိုပါတယ်။

တချိန်တည်းမှာပဲ EU ဥရောပသမဂ္ဂ နိုင်ငံတွေထဲက ဒိန်းမတ်နဲ့ လတ်ဗီးယားနိုင်ငံတွေကလည်း မြန်မာနိုင်ငံက လူ့အခွင့်အရေးချိုးဖောက်မှုတွေအတွက် နိုင်ငံတကာ စုံစမ်းစစ်ဆေးရေး ကော်မရှင်တရပ် ထူထောင် စုံစမ်းဖို့ ထောက်ခံတာမို့ အခုဆိုရင် မစ္စတာကင်တားနားရဲ့ အဆိုပြုချက်ကို ထောက်ခံတဲ့ နိုင်ငံပေါင်း ၁၆ နိုင်ငံရှိသွားပြီလို့ ဗြိတိန်အခြေစိုက် မြန်မာ့အရေးလှုပ်ရှားတဲ့အဖွဲ့ Burma Campaign UK က တာဝန်ခံ မာ့ခ်ဖာမနာ (Mark Farminer) က ပြောပါတယ်။

"အခု နောက်ထပ် ၂ နိုင်ငံကပါ ထောက်ခံတာမို့ အခုဆိုရင် ထောက်ခံတဲ့နိုင်ငံ စုစုပေါင်း ၁၆ နိုင်ငံ ရှိသွားပါပြီ။ ဒီအထဲက နိုင်ငံ ၁၂ နိုင်ငံဟာ ဥရောပသမဂ္ဂထဲက နိုင်ငံတွေဖြစ်နေတာက ထူးခြားသလို အရေးလည်းကြီးပါတယ်။ ကုလသမဂ္ဂ လူ့အခွင့်အရေး ကောင်စီနဲ့ကုလသမဂ္ဂ အထွေထွေ ညီလာခံမှာ မြန်မာနိုင်ငံဆိုင်ရာ အဆိုပြုချက်မူကြမ်းကို တင်သွင်းတဲ့ အဖွဲ့က EU ဥရောပသမဂ္ဂပါ။ ဒါကြောင့် မြန်မာနိုင်ငံလူ့အခွင့်အရေးဆိုင်ရာ စုံစမ်းရေးကော်မရှင် တရပ်ကိုထူထောင်ဖို့ဆိုရင် ပထမဆုံး EU က ထောက်ခံပံ့ပိုးမှုရဖို့ လိုပါတယ်။"

ဥရောပသမဂ္ဂနိုင်ငံပေါင်း ၂၇ နိုင်ငံထဲက ၁၂ နိုင်ငံက ထောက်ခံနေပြီမို့ နောက်ထပ် ၂ နိုင်ငံရဲ့ ထောက်ခံမှုကိုသာရရင် ထက်ဝက်ကျော်မဲနဲ့ EU ရဲ့ ထောက်ခံမှုကို ရဖို့ရှိတယ်လို့လည်း ပြောပါတယ်။ Burma Campaign UK က ကြာသပတေးနေ့မှာ EU နိုင်ငံတွေထဲက ထောက်ခံမှုမပေးသေးတဲ့ နိုင်ငံ ၆ နိုင်ငံရဲ့ ထောက်ခံမှုရအောင် ကြိုးစားခဲ့ပါတယ်။ ဒီအထဲက ဒိန်းမတ်သံအမတ်ကြီးက စာနဲ့ရေးသား ထောက်ခံကြောင်း ပြောကြားခဲ့သလို လတ်ဗီးယားနိုင်ငံဆိုင်ရာ သံရုံးကလည်း ထောက်ခံကြောင်း ပြောကြားခဲ့ပါတယ်။ ဆွီဒင်၊ လူဇင်ဘာ့ဂ်နဲ့ နော်ဝေနိုင်ငံတွေက မကြာခင်မှာပဲ အကြောင်းပြန်မှာဖြစ်ကြောင်းပြောကြားခဲ့တယ်လို့ ဆိုပါတယ်။

မစ္စတာကင်တားနားဟာ မနှစ်က ဖေဖော်ဝါရီလထဲမှာ မြန်မာနိုင်ငံကို သွားရောက်ပြီး လူ့အခွင့်အရေးအခြေအနေတွေကို ကိုယ်တိုင်ကိုယ်ကျလေ့လာခွင့် ရခဲ့ပေမဲ့ ဒီနှစ်မှာတော့ မြန်မာအာဏာပိုင်တွေက လာရောက်ခွင့်မပေးခဲ့ပါဘူး။ မစ္စတာကင်တားနားဟာမြန်မာနိုင်ငံလူ့အခွင့်အရေးအခြေအနေ အစီရင်ခံစာကို မတ်လ ၁၄ ရက်နေ့မှာဂျီနီဗာကုလသမဂ္ဂ လူ့အခွင့်အရေးကောင်စီမှာ ကိုယ်တိုင် တင်ပြဖို့ရှိပါတယ်။

---

# စိုက်ဆင်းလေပြင်းကျနိုင် သတိပြုရန်လို

**DVB ၊ မတ်လ ၉ ။** ။ ပဲခူးတိုင်းအတွင်းမှာ အားကောင်းတဲ့ လေဖိအားနည်းရပ်ဝန်းတခုဖြစ်ပေါ်နေတဲ့အတွက် ပဲခူးတိုင်း၊ ရန်ကုန်တိုင်းနဲ့ ဧရာဝတီတိုင်းတွေမှာ မွန်းလွဲပိုင်းနဲ့ညနေပိုင်းအချိန်တွေ မိုးတိမ်တောင်များဖြစ်ပေါ်နိုင်တယ်လို့ မိုးလေဝသပညာရှင် ဦးထွန်းလွင်ရဲ့ ဝက်ဘ်ဆိုဒ်မှာ ဖော်ပြထားပါတယ်။

အဲ့ဒီမိုးတိမ်တောင်တွေကြောင့် နေရာကွက်မိုးရွာခြင်း၊ မိုးသက်လေပြင်းတိုက်ခြင်း၊ မိုးကြိုးပစ်ခြင်းနဲ့ လျှပ်စီးလက်ခြင်း၊ လေဆင်နှာမောင်းတိုက်ခတ်ခြင်းတွေ ဖြစ်ပေါ်နိုင်တယ်လို့လည်း သတိပေးထားပါတယ်။ ဖြစ်နိုင်တဲ့ရက်တွေကတော့ မတ်လ ၇ ရက်ကနေ ၁၂ ရက်နေ့ထိလို့လည်းဆိုပါတယ်။ အထူးသဖြင့် မိုးတိမ်တောင်တွေကြောင့် စိုက်ဆင်းလေပြင်းတွေဖြစ်ပေါ်နိုင်တယ်။ ညနေ ၄ နာရီနဲ့ ၅ နာရီကြားမှာ ဖြစ်ပေါ်တတ်ပြီး ဒီစိုက်ဆင်းလေပြင်းနဲ့ ရေကြောင်းသွားသင်္ဘောတွေဆုံလိုက်ရင် သင်္ဘောတွေ မှောက်တတ်တယ်လို့ မိုးလေဝသပညာရှင်ဦးထွန်းလွင်က အထူးသတိပေးပြောဆိုပါတယ်။ ဖြစ်တတ်တဲ့နေရာဒေသတွေကိုလည်း ဦးထွန်းလွင်က အခုလိုပြောပြပါတယ်။

"အထူးသဖြင့် ဖြစ်တတ်တဲ့ ဖြစ်ဖူးတဲ့နေရာတွေက တွံတေးတူးမြောင်းလည်းဖြစ်ဖူးတယ်။ မွန္တလေး သပိတ်ကျင်းနားမှာလည်းဖြစ်ဖူးတယ်။ ဧရာဝတီတိုင်းလည်းပါတာပေ့ါ၊ ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသထိ။ အဲဒီဒေသတော့ အရေးကြီးတယ်ပြောရမှာပဲ။ မိုးတိမ်တောင်တော့ နေရာအနှံ့ဖြစ်နိုင်တာပေ့ါ။ နောက်ညနေဖြစ်တာများတယ်။ အဲဒါလေးတချက်ပါပဲ။"

# ပိုင်ရှင်ရှိ လယ်ယာမြေများအပေါ်မှာ ပုဂ္ဂလိက ကုမ္ပဏီကို ရွှေတူးခွင့်ပေး

**RFA । မတ်လ ၉ ॥** ॥ စစ်ကိုင်းတိုင်း ကသာခရိုင် ဗန်းမောက်မြို့နယ် အတွင်းရှိ လယ်ယာမြေဧက ၂၀ လောက်မှာ ပုဂ္ဂလိက ကုမ္ပဏီတခုက သတ္တုတွင်းဝန်ကြီးဌာနကို ရွှေတူးဖော်ခွင့် လုပ်ကွက်တွေ ဖော်ပြပြီး လျှောက်ထားခဲ့တာကို မစစ်မဆေးပဲ ခွင့်ပြုမိန့် ချပေးလိုက်တဲ့အတွက် ပိုင်ရှင်လယ်သမားကြီးတွေဟာ မိမိတို့လယ်ယာမြေတွေ ပျိုးခင်းတွေ ပျက်စီးကုန်ပြီး နစ်နာဆုံးရှုံးမှုတွေ ကြုံတွေ့နေရတယ်လို့စုံစမ်း သိရှိရပါတယ်။

ဦးတင်ဌေးဆိုသူပိုင် ရွှေမြရီကုမ္ပဏီက လုပ်ကွက် ၈ ကွက်မှာ အခုလို ရွှေရှာဖွေနေတာဖြစ်ပြီး ဘိုးဘွားပိုင် လယ်ယာမြေတွေပျက်စီး ကုန်တဲ့ အဲဒီ တောင်သူဦးကြီးတွေနဲ့ ရင်းနှီးသူ ဗန်းမောက်မြို့ခံတဦးက အခုလို ပြောပြပါတယ်၊

"ဦးဝင်းမောင်၊ဦးကျော်ဖေပိုင်ဆိုင်သော ဂရန်ပေါက်ပြီးလယ်မြေ တွေကို SBM 263 အနေနဲ့ ရွှေမြရီကုမ္ပဏီကနေပြီးတော့မှ နိုင်ငံ တော်မှာလျှောက်ပြီးမှ လယ်သမားရဲ့ ခွင့်ပြုချက်မရပဲနဲ့ ရွှေတူးဖော်ရေး လုပ်နေတာ။ လယ်ယာမြေပါရင် နိုင်ငံတော်ကနေ ခွင့်မပြုဘူးလို့ပြော တာကို အခု အဲဒီ ရွှေမြရီကုမ္ပဏီကို ဘယ်လိုလုပ်ခွင့်ပြုလဲ ကျွန်တော် တို့လည်းမပြောတတ်ဖူး။ ဘာဖြစ်လဲဆိုတဲ့အခါကျတော့ အဲဒီဒေသမှာ ရှိတဲ့ ကျွန်တော်တို့ လယ်ယာမြေတွေဟာ တောင်သူတွေဟာပေါ့လေ၊ ဒီတိုင်းသာသွားမယ်ဆိုရင် ၂၀၁၂ ခုနှစ်ကုန်ပိုင်းလောက်မှာ ကျွန်တော် တို့ အဲဒီက လယ်ယာမြေတွေက အကုန်လုံး ကုန်သွားမဲ့သဘောရှိ တယ်။ ကျွန်တော်တို့ ရွှေတူးတဲ့အခါကျတော့ ဒီ လယ်ယာမြေတွေအ ကုန် ပျက်စီးသွားလိမ့်မယ်ပေါ့ဗျာ။"

တောင်သူဦးကြီးတွေနဲ့နီးစပ်သူ ဒေသခံတဦးကလည်း အဲဒီကိစ္စ နဲ့ပတ်သက်ပြီး အခုလို ဖြည့်စွက် ပြောပြပါတယ်၊

"ဦးတင်ဌေးပိုင်တဲ့ ရွှေမြရီကုမ္ပဏီကနေပြီးတော့ သူက သတ္တု တွင်းဝန်ကြီးဌာနကို လုပ်ကွက်အမှတ်တွေနဲ့ လျှောက်ပစ်လိုက်တာ။ အဲဒီ လျှောက်ပစ်လိုက်ပြီးတော့ အဲဒါတွေကို သတ္တုတွင်းဝန်ကြီးဌာန ကလည်း အမှန်ဆိုရင် ထုံးစံအတိုင်း လယ်ယာမြေဆိုရင် သူတို့ကခွင့်ပြု ချက်ချလို့မရဘူးဗျ။ အဲဒါကို သူက ခွင့်ပြုမိန့်ချပေးထားတယ်။ နောက် ပြီးတော့ အဲဒီမှာ အခုမြေသယ်ဒမ့်တွေရယ်၊ နောက်ပြီးတော့ ၆ လုံး၊ ၈ လုံး၊ ၁၀ လုံး အင်ဂျင်တွေ အသုံးပြုနေတဲ့အတွက်ကြောင့် ကျေးရွာမှာ ရှိတဲ့ ပတ်ဝန်းကျင်မှာ နေထိုင်တဲ့ လူတွေအတွက်ပေါ့နော်၊ အဲဒီ အသံ တွေရော နောက်ပြီး သူတို့ လယ်ယာလုပ်ငန်းတွေမှာလည်း ထိခိုက် နေတယ်။"

အခုလို ဘိုးဘွားပိုင် လယ်ယာမြေတွေမှာ အစိုးရခွင့်ပြုမိန့် ကိုင် ပြီး ရွှေတူးဖော်တဲ့ လုပ်ငန်း အတင်းအဓမ္မလုပ်ကိုင်နေတဲ့အတွက် အဲဒီ လယ်ယာမြေတွေပေါ် မှီတင်း အလုပ်လုပ်ကိုင်နေရသူတွေ၊ သူတို့မိ သားစုတွေအနေနဲ့ထိခိုက်နစ်နာနေရတာကိုဗန်းမောက်မြို့နယ်မယက ကို တိုင်ကြားခဲ့ပေမဲ့ ဘာမှဖြေရှင်းမပေးဘူးလို့လည်း သိရပါတယ်။

*Voice of Burma*


**APTO 502**
**7-18-1 Takinogawa**
**Kita Ku, Tokyo**
**Japan. 114 - 0023**

**Tel/Fax: 81 3-3949-3919**
**E-mail: sayarkway@yahoo.com**
**koko@gol.com**



၁၉၉၅ ခု အောက်တိုဘာလ မှစတင်၍ အပတ်စဉ်ထုတ်ဝေသည်


*AIR MAIL*

PRINTED MATTER